# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၃၄)၊ ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်၊ ၃-၁၁-၂၀၂၄၊ တနင်္ဂနွေနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟိန္ဒူဘာသာဝင်များ၏ ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

## ဟိန္ဒူဘာသာဝင်များ၏ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် ဆီမီးထွန်းညှိပူဇော်ခြင်းပွဲတော်ကာလမှစပြီး မိမိတို့နိုင်ငံသားအားလုံးက တစ်ဦးအပေါ်တစ်ဦး ချစ်ခင်လေးစားမှု၊ နားလည်ခွင့်လွှတ်မှုများမျှဝေပေးပြီး နိုင်ငံတော်နှင့်ကမ္ဘာကြီးတွင် ငြိမ်းချမ်းသာယာမှုများဖြစ်ပေါ်လာအောင် ဝိုင်းဝန်းကြိုးစား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုစဉ်။

နေပြည်တော် နိုဝင်ဘာ ၂

မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် ဟိန္ဒူဘာသာဝင်များ စုပေါင်းကျင်းပသည့် ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစောနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဟိန္ဒူမျိုးနွယ်စုများ၊ ဟိန္ဒူရိုးရာယဉ်ကျေးမှု အဖွဲ့များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။


စာမျက်နှာ ၃ သို့


## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းမည်

နေပြည်တော် နိုဝင်ဘာ ၂

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်။ ရွာရန်ရာနှုန်း(၈၀)ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၃ ရက်၊ တနင်္ဂနွေနေ့။

မန္တလေး နေ့စဉ်

# ဆီအုန်းသီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းစားသုံးဆီဖူလုံနိုင်ရေးအတွက် ဆီအုန်းထုတ်လုပ်မှုနှင့် ဆီအုန်းသီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်၍ ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန် စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပပေးလျက်ရှိသည်။

စားသုံးဆီဖူလုံစေရန် ပြည်တွင်း၌ မြေပဲ၊ နှမ်း၊ နေကြာအပါအဝင် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဆီထွက်မှုအလားအလာကောင်းမွန်သောနှစ်ရှည်ဆီထွက်သီးနှံဖြစ်သည့် ဆီအုန်းကို တနင်္သာရီတိုင်းဒေသကြီး၌ ပင်အိုများနေရာတွင် ဆီအုန်းပင်ပျိုများနှင့် အစားထိုးစိုက်ပျိုးခြင်းအပါအဝင် တိုးချဲ့စိုက်ပျိုးနိုင်ရေးစီမံဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ဆီအုန်းစိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် ဧရိယာများကို စိုက်ပျိုးမြေအသုံးချမှုတန်ဖိုး အပြည့်အဝ အကောင်အထည်ဖော်နိုင်ရန်နှင့် ကုန်ထုတ်စွမ်းအားမြင့်မားရေးအတွက် အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းလုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်ရေး၊ လုပ်ကွက်ငယ်ခြံငယ်ရှင်များ အစုအဖွဲ့ဖြင့် ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်ဆောင်ရွက်ရေး၊ ပြည်တွင်း၌ စားအုန်းဆီထုတ်လုပ်မှုမြှင့်တင်နိုင်ရေး ပူးပေါင်းပါဝင်ဆွေးနွေးသွားကြရန် တိုက်တွန်းပါကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က အောက်တိုဘာ ၃၀ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးဌာန၌ ကျင်းပသည့် မြန်မာနိုင်ငံ၏ ဆီအုန်းသီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စကားဝိုင်းဆွေးနွေးပွဲ၌ ပြောကြားခဲ့သည်။

စကားဝိုင်းဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ ဆီကြိတ်စက်ရုံနှင့် ဆီသန့်စက်ရုံများ တည်ထောင်လည်ပတ်ခဲ့မှု၊ လက်ရှိဆီကြိတ်စက်ရုံများ၏ စက်စွမ်းအားအခြေအနေ၊ တနင်္သာရီတိုင်းဒေသကြီး၌ ဆီအုန်းဆီကြိတ်စက်ရုံများ၏ ဆောင်ရွက်နိုင်မှု၊ ဆီအုန်းဆီကြိတ်ထုတ်လုပ်ပုံအဆင့်ဆင့်နှင့် ရရှိလာသည့် ဆီကြမ်းမှ ဆီသန့်ထုတ်လုပ်သည့်အဆင့်ဆင့်၊ ဆီသန့်စက်ရုံများ၏ ထုတ်လုပ်မှုအခြေအနေ၊ မြန်မာနိုင်ငံ၏ စားသုံးဆီလိုအပ်ချက်နှင့် တင်သွင်းနေရမှု၊ အထွက်ကောင်းမျိုးသန့် Tenera ဆီအုန်းမျိုးများ တင်သွင်းစိုက်ပျိုးမှု၊ မြန်မာနိုင်ငံ၏ ဆီအုန်းစိုက်ခင်းများ၏ အမှန်အထွက်နှင့် ထွက်နိုင်ခြေကွာခြားမှု၊ ဆီအုန်းသီးနှံနှင့်ပတ်သက်သည့် မူဝါဒများနှင့် သုတေသနလုပ်ငန်းများကို ပညာရှင်များက ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည်။

သို့ဖြစ်ရာ ဆီအုန်းသီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပပေးခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍနှင့် တန်ဖိုးကွင်းဆက်တစ်လျှောက် ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို ပိုမိုသိရှိပြီး ထိရောက်စွာ ဖြေရှင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး ဆီအုန်းလုပ်ငန်းတစ်ခုလုံးအတွက် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။





# ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၊ ခရိုင်၊ မြို့နယ်စာရင်းစစ်ရုံးဝန်ထမ်းများ တွေ့ဆုံ

**မန္တလေး နိုဝင်ဘာ ၂**

ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ခင်နိုင်ဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲ ၂ နာရီတွင် မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်စာရင်းစစ်ရုံးများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ထိုသို့ တွေ့ဆုံအမှာစကား ပြောကြားရာတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ခင်နိုင်ဦးက စစ်ဆေးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် စစ်ဆေးရေးစီမံချက်နှင့်အညီ စစ်ဆေး၍ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာများကို အချိန်မီထုတ်ပြန်နိုင်ရေးအတွက် စီမံဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ စစ်ဆေးမှုအရေအတွက်သာမက အရည်အသွေးပြည့်ဝစေရန်မှာလည်း အရေးကြီးပါကြောင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် လေ့ကျင့်သင်ကြားရေးအစီအစဉ်များကို ရုံးချုပ်နှင့် ပေါင်းစပ်ဆောင်ရွက်ခြင်းအပြင် လုပ်ငန်းခွင်တွင် အသုံးချဆောင်ရွက်တတ်စေရန် လက်တွေ့နှင့်ပေါင်းစပ်သင်ကြားပေးခြင်း၊ ကြီးကြပ်ခြင်း၊ အသိပညာမျှဝေပေးခြင်းတို့ဖြင့် ဝိုင်းဝန်းပြုစုပျိုးထောင်သွားကြရန်၊ နည်းပညာအသုံးပြု၍ IT Audit စစ်ဆေးခြင်းကို ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကွန်ပျူတာအခြေခံမှစ၍ အဆင့်မြင့်ပညာအထိ တတ်မြောက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်၊ သတင်းအချက်အလက်လုံခြုံရေးအတွက် ဂရုပြုဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မိမိတို့ရုံး၏ အစဉ်အလာကောင်းများကို ထိန်းသိမ်းခြင်းဖြင့် အဖွဲ့အစည်း၏ ပုံရိပ်ကို မြှင့်တင်နိုင်ရန် ကျရာအခန်းကဏ္ဍမှ ကျင့်ဝတ်စံတန်ဖိုးများနှင့်အညီ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုး သယ်ပိုးဆောင်ရွက်နိုင်သည့် စာရင်းစစ်ဝန်ထမ်းကောင်းများဖြစ်စေရေး ကြိုးစားဆောင်ရွက်ကြစေလိုပါကြောင်း မှာကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးနှင့် ခရိုင်၊ မြို့နယ်စာရင်းစစ်ရုံး အရာထမ်းများမှ ဝန်ထမ်းအင်အားနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အလားတူ ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ယင်းနေ့နံနက်ပိုင်းတွင် မိတ္ထီလာခရိုင်စာရင်းစစ်ရုံးတွင် ခရိုင်၊ မြို့နယ်စာရင်းစစ်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

(ဝဇ၃)

ဝ-ဝ-ဝ-ဝ-ဝ

# ကျောက်ဖရုံသီးဈေးကွက်နှင့် ကျောက်ဖရုံသီးကောင်းကျိုးများ

ကျောက်ဖရုံသီးသည် ကျန်းမာရေးအတွက် အထောက်အကူပြုသော အသီးအနှံတစ်မျိုးဖြစ်သည်။ အဆုတ်၊ အူမကြီးကို ကောင်းမွန်စေသော သီးနှံတစ်မျိုးဖြစ်ပြီး ကင်ဆာရောဂါကိုလည်း ကာကွယ်ပေးနိုင်သည်။ နွေရာသီတွင် စားသုံးပေးလျှင် အထူးသင့်လျော်သော သီးနှံတစ်မျိုးဖြစ်သည်။ ကျောက်ဖရုံသီးကို အားနည်းတတ်သောသူ၊ ခေါင်းမူးတတ်သောသူ၊ ဖြူဖတ်ဖြူရော်ဖြစ်နေသောသူ၊ မျက်လုံးအမြင်ဝေဝါးခြင်း၊ ကျောက်ကပ်ရောဂါခံစားနေရသောသူများနှင့် ဆီးရောဂါခံစားနေရသောသူများ အထူးစားသုံးပေးသင့်သည်။

ကျောက်ဖရုံသီးသည် ခန္ဓာကိုယ်အတွင်းရှိ အပူများကို စုပ်ယူပေးသောကြောင့် လူတိုင်းစားသုံးပေးသင့်သည်။ သွေးတိုးနှင့် ကျောက်ကပ်ရောဂါများကိုလည်း ကာကွယ်ပေးနိုင်သည်။

ကျောက်ဖရုံသီးကို မျိုးစေ့ဖြင့် စိုက်ပျိုးကြသည်။ ဒေသမျိုးတွင် အလုံးလတ်(၁-၂)ပေ၊ အလုံးကြီး နှစ်ပေနှင့် အထက် အရှည်မျိုးဟူ၍ ရှိသည်။ အလုံးလတ်မျိုးကို စီးပွားဖြစ်မြေလွတ် စိုက်ပျိုးကြသည်။ အလုံးကြီးများကို အချို့ဒေသများတွင် စင်တင်၍ စိုက်ပျိုးကြသည်။

မျိုးအားလုံးသည် အပြင်ခွံတွင် ဖယောင်းပါဝင်မှုများ၍ အဖြူရောင် ပိုတောက်သည်။ အချို့ဒေသများတွင် သစ်ပင်ကြီးများနှင့် တဲများအပေါ်တွင် တင်၍ နှစ်ပတ်လည်စိုက်ပျိုးထားတတ်ပြီး အလုံးလတ်မျိုးများကို ယိုလုပ်ငန်းအတွက် စီးပွားဖြစ် မြေလွတ်၍ စိုက်ပျိုးကြသည်။

မိုးတွင်းတွင်စိုက်ပျိုးပြီး နှစ်လကြာသောအခါတွင် ခူးဆွတ်ကြရသည်။ ၁ ချိုးလျှင် အလုံး ၁၂၀ နှစ်ရက်ခြားတစ်ခါ ခူးဆွတ်ရသည်။ ကျောက်ဖရုံသီးသည် ခူးဆွတ်ပြီး တစ်လအကြာ ထိထားနိုင်သည်။ ကျောက်ဖရုံသီးကို မင်းလှမြို့မဈေးတွင် တစ်လုံးလျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ရောင်းချလျက်ရှိကြောင်း ကျောက်ဖရုံသီး တောင်သူများထံမှ သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးတို့ ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြစဉ်။

**ရွှေဖုံးမှ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များအား တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် ဟိန္ဒူရိုးရာ ဒီပါဝလီအထိမ်းအမှတ် အခမ်းအနား မင်္ဂလာမုခ်ဦးကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဟိန္ဒူရိုးရာကဘူးများမှုတ်ခြင်း၊ မီးပုံပူဖောင်းများ လွှတ်တင်ခြင်းများကို ဆောင်ရွက်ကြသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့အား ဟိန္ဒူရိုးရာ ဆီမီးနံ့သာဖြင့် ကြိုဆိုကြသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့က ဒီပါဝလီအထိမ်းအမှတ် အခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ဟိန္ဒူအသင်းအဖွဲ့ပြခန်းများ၊ ဟိန္ဒူမျိုးနွယ်စုပြခန်းများကို ပြခန်းတစ်ခုချင်းစီ အလိုက် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အခမ်းအနား အစီအစဉ်ဒုတိယပိုင်းကို ပြဇာတ်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် ဇနီး၊ တာဝန်ရှိသူများက ဒီပါဝလီအထိမ်းအမှတ် ဆီမီးထွန်းညှိပေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် ဇနီးတို့က မင်္ဂလာဂုဏ်ပြုပဝါနှင့် ပန်းကုံးကို ဂါရဝပြုဆင်မြန်းပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ယင်းနောက် ဒီပါဝလီနေ့နှင့် ဆီမီးထွန်းညှိခြင်းတို့နှင့်ပတ်သက်၍ အခမ်းအနားမှူးက ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ တစ်ကိုယ်တော်အကဖြင့် ဖျော်ဖြေမှု၊ Ganesha ဓမ္မတေးဖြင့် ပူဇော်မှု၊ ဆီမီးခွက်အကဖြင့် ဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

**အလွှန်အဓိပ္ပာယ်ရှိ**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဟိန္ဒူရိုးရာ ဒီပါဝလီအထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ခြင်းနှင့်ပတ်သက်၍ ပြောကြားရာတွင် ဒီပါဝလီပွဲတော်သည် ဟိန္ဒူဘာသာဝင်တို့၏ ရိုးရာမီးထွန်းပွဲတော်ဖြစ်ပြီး "ဒီပ" ဟူသည့် မီးအလင်းရောင်နှင့် "အာဝလီ" ဟူသည့် စီတန်းခြင်းဟူသော အဓိပ္ပာယ်တို့ကိုပေါင်းစပ်၍ ဆီမီးအလင်းရောင်များဖြင့် စီတန်းထွန်းညှိပူဇော်ခြင်း အဓိပ္ပာယ်ရသည်ဟု သိရှိရပါကြောင်း၊ ထိုသို့ ဆီမီးပူဇော်ခြင်းအားဖြင့် အလင်းမှ အမှောင်ကို ခွင်းနိုင်သကဲ့သို့ မကောင်းသည့် အခြေအနေဆိုးမှ ကောင်းခြင်းတရားများ ရောက်ရှိလာစေရန်၊ မျှော်လင့်ချက်ရောင်ခြည်များ ပေါ်ထွန်းလာစေရန်ဟူသည့် ယုံကြည်ချက်များဖြင့် ယခုကဲ့သို့ ဆီမီးပူဇော်ကြသည်ဟု သိရပါကြောင်း၊ စာပေ၌ "အမှောင်ခွင်း၍ အလင်းဆောင်အံ့" ဟုဆိုကြပြီး အလင်းရောင်သည် လူသားတို့အားလုံးအတွက် ကောင်းကျိုးဖြစ်စေမည့် အဓိကခွန်အားစွမ်းအားဖြစ်ကာ အလွန်ပင် အဓိပ္ပာယ်ရှိပါကြောင်း၊

စာမျက်နှာ ၄ သို့



ဟိန္ဒူရိုးရာ ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားမင်္ဂလာမုခ်ဦးကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟိန္ဒူရိုးရာဒီပါဝလီအထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ခြင်းနှင့်ပတ်သက်၍ ပြောကြားစဉ်။

✪ စာမျက်နှာ ၃ မှ

ထို့ကြောင့် ဟိန္ဒူဘာသာဝင်များအနေဖြင့် ယခုကဲ့သို့ ပွဲတော်ကျင်းပသည့် အခါသမယတွင် ရိုးရာလေ့ထုံးတမ်းများနှင့်အညီ ဘုရားကျောင်းများ၊ မိမိတို့၏ နေအိမ်များတွင် ဆီမီးများကို လှပစွာ ထွန်းညှိပူဇော်ကြခြင်းသည် ဘဝ၏တိုးတက်မှုခွန်အားများကို အားလုံးရစေမည်ဟု ယုံကြည်ပါကြောင်း။

ယခုနှစ်ကျင်းပသည့် ဒီပါဝလီနေ့အထိမ်းအမှတ် အခမ်းအနားသည်လည်း ယခင်နှစ်များနှင့်မတူဘဲ မြန်မာနိုင်ငံအတွင်း၌ရှိသည့် ဟိန္ဒူဘာသာရေးအဖွဲ့အစည်းများအပါအဝင် လူမှုရေးအဖွဲ့အစည်းများအားလုံးနှင့် ဘာသာဝင်များ၊ အခြားသော ဘာသာဝင်များ စုပေါင်းပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်သွားခြင်းဖြစ်ကြောင်း၊ ယင်းသည် မိမိတို့နိုင်ငံအတွင်း၌ရှိသည့် မတူကွဲပြားသည့် ဘာသာဝင်များအကြား သင့်မြတ်ညီညွတ်မှုကို ပြသနေခြင်းဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ ဟိန္ဒူဘာသာဝင်များအားလုံး စုစုစည်းစည်း ပါဝင်ဆင်နွှဲခြင်းသည် မှတ်တိုင်တစ်ခုဖြစ်သည့်အတွက် မိမိအနေဖြင့် အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်းကို ပြောကြားလိုပါကြောင်း။

မိမိတို့ မြန်မာနိုင်ငံသားများသည် လူမျိုးအရဖြစ်စေ၊ ဘာသာတရားအရဖြစ်စေ ကွဲပြားမှုများရှိကြောင်း၊ သို့သော်လည်း အမိမြေပေါ်တွင် အတူတကွကြီးပြင်းလာကြသူများဖြစ်ကြသည်မှာ တူညီသည့်အတွက် တစ်ဦး၏ယုံကြည်ရာဘာသာတရားကိုအခြားတစ်ဦးက လေးစားကြရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံပြီး အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုများမှတစ်ဆင့် မြန်မာနိုင်ငံ၏ အကျိုးကို ဝိုင်းဝန်းသယ်ပိုးသွားကြစေလိုကြောင်း၊ သို့သော်လည်း ယနေ့အချိန်တွင် မိမိတို့နိုင်ငံ၌ ဖြစ်ပေါ်နေသည့် ပဋိပက္ခများသည် နိုင်ငံရေးအရ ဖြစ်ပေါ်လာသည့် ပြဿနာကို နိုင်ငံရေးအရ ဖြေရှင်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက မင်္ဂလာဂုဏ်ပြုပဝါ ဂါရဝပြုဆင်မြန်းပေးစဉ်။

မှုမရှိခြင်းကြောင့် ဖြစ်ကြောင်း၊ ဘာသာရေး စသည့်လှုံ့ဆော်မှု ပြည်ပမှ နိုင်ငံရေး၊ လူမျိုးရေး၊ အမျိုးမျိုးကို အခြေခံနေတာတွေ့ရကြောင်း၊ ယင်းသို့သွေးထိုးလှုံ့ဆော်မှုများမှတစ်ဆင့် နိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်များကို မိုက်မဲစွာ ကျူးလွန်နေကြခြင်းပင်ဖြစ်ကြောင်း၊ သွေးကွဲနေပါက သွေးထိုးခံနေရမည်ပင် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း ဒီမြေ၊ ဒီရေ၊ ဒီလေကို တူညီစွာသုံးစွဲနေထိုင်ကြသည့် မည်သည့်လူမျိုး၊ မည်သည့် ဘာသာဝင်ပင်ဖြစ်ပါစေ မြန်မာနိုင်ငံကိုချစ်သည့်စိတ်၊

စာမျက်နှာ ၅ သို့ ✻



☆ မိမိတို့မြန်မာနိုင်ငံသားများသည် လူမျိုးအရဖြစ်စေ၊ ဘာသာတရားအရဖြစ်စေ ကွဲပြားမှုများရှိကြောင်း၊ သို့သော်လည်း အမိမြေပေါ်တွင် အတူတကွကြီးပြင်းလာကြသူများဖြစ်ကြသည်မှာ တူညီသည့်အတွက် တစ်ဦး၏ယုံကြည်ရာဘာသာတရားကို အခြားတစ်ဦးက လေးစားကြရမည်

☆ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံပြီး အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုများမှတစ်ဆင့် မြန်မာနိုင်ငံ၏ အကျိုးကို ဝိုင်းဝန်းသယ်ပိုးသွားကြစေလို

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ ဆီမီးခွက်အကဖြင့်ဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

* စာမျက်နှာ ၄ မှ

ပြည်ထောင်စုစိတ်ဓာတ် မွေးပြီး နေကြရန်လိုကြောင်း၊ ယနေ့အချိန်တွင် မိမိအနေဖြင့် နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည် လျှောက်လှမ်းနိုင်ရန်အတွက် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များ အတိုင်း အကောင်အထည် ဖော်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ဖြစ်ပေါ်နေသည့် ပဋိပက္ခများ ချုပ်ငြိမ်းပြီး မိမိတို့အားလုံး သွားလိုသည့် လမ်းကြောင်းပေါ် အမြန်ဆုံး ပြန်လည်ရောက်ရှိစေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း။

**အဖြေရှာဆောင်ရွက်ပေးခဲ့**

မိမိတို့နိုင်ငံတွင် မတူညီမှုများ ကွဲပြားမှုများရှိနေသည် မှန်သော်လည်း အဆိုပါ မတူကွဲပြားမှုများကို စုစုစည်းစည်း စည်းရုံးနိုင်ခြင်းကသာ အင်အားကို ဖြစ်စေပါကြောင်း၊ ထိုကဲ့သို့ စုစည်းသည့် အင်အားရရှိစေရေး မိမိကိုယ်တိုင် ဦးဆောင်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိအနေဖြင့် မြန်မာပြည်ဖွား အိန္ဒိယလူမျိုးစု အဖွဲ့အစည်းများ၊ တရုတ်လူမျိုးစု အဖွဲ့အစည်းများနှင့် မိမိ၏ ကိုယ်စားလှယ်များ တွေ့ဆုံစေခဲ့ကြောင်း၊ အဆိုပါအဖွဲ့အစည်းများ၏ လိုအပ်ချက်များကို မေးမြန်းပြီး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည့်အပြင် ၎င်းတို့၏ သုံးသပ်ချက်များအပေါ် အဖြေရှာဆောင်ရွက်ပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ရှိသည့် ဘာသာပေါင်းစုံ၏ ဘာသာရေးဆိုင်ရာ အခမ်းအနားများ၊ လူမျိုးစုများဆိုင်ရာ အထိမ်းအမှတ်နေ့များနှင့် အခမ်းအနားများကို မိမိတို့အစိုးရအနေဖြင့် တတ်နိုင်သမျှ အားပေးကူညီနေသည်ကိုလည်း အားလုံးက မျက်မြင်ကိုယ်တွေ့ပင်ဖြစ်ကြောင်း၊ ယနေ့တွင်လည်း ဒီပါဝလီပွဲတော် အထိမ်းအမှတ် အခမ်းအနားကို တက်ရောက်သူများ အားလုံးနှင့် အတူ စည်းလုံးမှု၊ စုစည်းမှုအားကို မြင်တွေ့ရသည့်နေ့ပင် ဖြစ်ပါကြောင်း၊ မိမိတို့ ယခုထက် ပိုခိုင်မြဲအောင် ဆက်လက်တည်ဆောက်သွားကြရန် လိုပါကြောင်း။

ထို့ကြောင့် ယခုကဲ့သို့ ဟိန္ဒူဘာသာဝင်များ၏ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် ဆီမီးထွန်းညှိပူဇော်ခြင်း ပွဲတော်ကာလမှစပြီး မိမိတို့ နိုင်ငံသားအားလုံးက တစ်ဦးအပေါ်တစ်ဦး ချစ်ခင်လေးစားမှု၊ နားလည်ခွင့်လွှတ်မှုများ မျှဝေပေးပြီး နိုင်ငံတော်နှင့် ကမ္ဘာကြီးတွင် ငြိမ်းချမ်းသာယာမှုများ ဖြစ်ပေါ်လာအောင် ဝိုင်းဝန်း ကြိုးစား ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြု ဆုမွန်ကောင်း စကား ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ ယဉ်ကျေးမှုအဖွဲ့များအား အမှတ်တရဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။




မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက အမှတ်တရ စကားပြောကြားစဉ်။

**ကျေးဇူးတင်စကားပြောကြား**

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက အမှတ်တရစကားနှင့် ဒီပါဝလီအထိမ်းအမှတ်ပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကား အသီးသီးပြောကြားကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများအား ဟိန္ဒူရိုးရာယဉ်ကျေးမှုအဖွဲ့နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ယဉ်ကျေးမှုအဖွဲ့များက ဟိန္ဒူရိုးရာယဉ်ကျေးမှု အကပဒေသာများ၊ လူမျိုးစုများ၏ ရိုးရာအကများ၊ မြန်မာရိုးရာအကများဖြင့် သီဆိုကပြ ဖျော်ဖြေကြသည်။ ဖျော်ဖြေမှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် ဇနီးတို့သည် ယဉ်ကျေးမှု အဖွဲ့များအား အမှတ်တရ ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဟိန္ဒူမျိုးနွယ်စုများ၊ ဟိန္ဒူရိုးရာယဉ်ကျေးမှု အဖွဲ့များအားရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ဒီပါဝလီအထိမ်းအမှတ်အခမ်းအနား ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

## ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်နိုင်ခဲ့သည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးမှ ပထမဆုရရှိသူများ၏ ယှဉ်ပြိုင်ခဲ့မှုမှတ်တမ်း




အိုးစည်အတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ကယားပြည်နယ်မှ မောင်ခင်မောင်လတ်နှင့်အဖွဲ့ ဤသို့ မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ခဲ့ကြသည်။




တယောအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ် အတွင်း) ၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ကောင်းခန့်ဝဿန် "မုန်ရဝေ" (ပတ်ပျိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသမီး) ၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ချစ်ဆုဝေစတင်း "မော်တင်လယ်" (ပတ်ပျိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်ဟန်။




ပတ္တလားအတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဝေယံဂျက် "ရှစ်စုံရွက်ကြာ" (ပတ်ပျိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။




မယ်ဒလင်အတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)၌ ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မောင်အောင်ဘုန်းဖံ "ဆန်းနွှေဦး" (ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေး အဆိုပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသား) ၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဦးရဲဝင့်လှိုင် "ဥမကွဲသိုက်မပျက်" သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။



နှဲအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မောင်သိန်းတိုးအောင် "မြန်ခန်းကျွန်းတွင်း" (ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။

# အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် အလွတ်ခုန်လေထီးစစ်သည်များ ပွဲတော်အလံသယ်ဆောင်၍ ကွင်းအတွင်း ဆင်းသက်မည့်အစီအစဉ် ကြိုတင်လေ့ကျင့်

ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ကျင်းပမည့် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် အလွတ်ခုန် လေထီးစစ်သည်များက တိုင်းဒေသကြီး၊ ပြည်နယ်အလံများနှင့် အမျိုးသားအားကစားပွဲတော်အလံ သယ်ဆောင်၍ ကွင်းအတွင်းဆင်းသက်မည့်အစီအစဉ်အတွက် စက်တင်ဘာ ၄ ရက်မှစ၍ ကြိုတင်လေ့ကျင့်လျက်ရှိရာ နိုဝင်ဘာ ၂ ရက်က အကြိမ် (၃၀) မြောက်အဖြစ် လေ့ကျင့်နေမှုများကို တွေ့ရစဉ်။



ကချင်ပြည်နယ်အလံ


ကရင်ပြည်နယ်အလံ


စစ်ကိုင်းတိုင်းဒေသကြီးအလံ


ပဲခူးတိုင်းဒေသကြီးအလံ


မန္တလေးတိုင်းဒေသကြီးအလံ



ရခိုင်ပြည်နယ်အလံ



ရှမ်းပြည်နယ်အလံ



# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအား လိုက်လံကြည့်ရှုအားပေး

**မန္တလေး နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ်ရှိ အမှတ်(၁၅) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

အဆိုပါကျောင်းသို့ရောက်ရှိစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့အား တိုင်းဒေသကြီး ပညာရေးမှူး၊ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက မိုးသည်းထန်စွာ ရွာသွန်းချိန်တွင် ပတ်ဝန်းကျင် ရပ်ကွက်များရှိ ရေမြောင်းများမှတစ်ဆင့် ကျောင်းဝင်း အတွင်းရေဝင်ရောက်ခဲ့မှုနှင့် ရေဝပ်နေမှုအခြေအနေများ၊ ဆရာ၊ ဆရာမအင်အား၊ကျောင်းသား၊ ကျောင်းသူများ တက်ရောက်သင်ကြားနေမှုအင်အားနှင့် ကြုံတွေ့နေရသည့်အခြေအနေများကို လိုက်ပါရှင်းလင်းပြသသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ ကျောင်း အင်္ဂါရပ်နှင့်အညီ အမြဲသန့်ရှင်းသပ်ရပ်ရေး၊ ကျောင်းသား၊ ကျောင်းသူများ စိတ်ချမ်းမြေ့စွာ ပညာသင်ကြားရေးတို့ကို အလေးထားဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြား၍ ရှင်းလင်းတင်ပြမှုများအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပြီး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကိုလည်း ကောင်း၊ ၄င်းနောက် ချမ်းမြသာစည်မြို့နယ်ရှိ ဆင်ဖြူကန်ကွင်းအတွင်း စက်ယန္တရားယာဉ်များဖြင့် ဆောင်ရွက်နေမှုများနှင့် ရေနီမြောင်းအား ရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက်နေမှုများကိုလည်းကောင်း လိုက်လံကြည့်ရှုအားပေးကာ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီး အတွင်း မြို့နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းကြီးကျောင်းများ၊ ဆေးရုံများ၊ အခြေခံပညာစာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သန့်ရှင်းသာယာလှပရေးတို့အတွက် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများနှင့်မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**














- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် တန်ဆောင်တိုင်အကြို ပဲဆီ၊ နှမ်းဆီ ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်



**မန္တလေး နိုဝင်ဘာ ၂**

ပြည်တွင်း ပဲဆီ၊ နှမ်းဆီ စားသုံးမှုကို မြှင့်တင်နိုင်ရန်နှင့် ပြည်ပမှစားအုန်းဆီတင်သွင်းမှုကို လျှော့ချနိုင်စေရန် ရည်ရွယ်ပြီး တန်ဆောင်တိုင်အကြို ပဲဆီ၊ နှမ်းဆီ ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ရတနာပုံစူပါစင်တာရှေ့တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI)နှင့် မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ တာဝန်ရှိသူများက တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းနှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI)တို့မှ ကြီးမှူးကျင်းပသည့် တန်ဆောင်တိုင်အကြို ပဲဆီ၊ နှမ်းဆီ ဈေးရောင်းပွဲတော်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် ပွဲတော်တွင်လာရောက်ဝယ်ယူအားပေးနေကြသည့် ပြည်သူများနှင့် ရောင်းချပေးနေသည့် ဆီစက်လုပ်ငန်းရှင်များကို လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်းနှင့် အဆိုပါဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၃ ရက်အထိ နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**








## ကျေးလက်နေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး နဝမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများ ထုတ်ချေးပေး

**ကျောက်ဆည် နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အနောက်ရေပြားတောကျေးရွာတွင် နဝမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများ ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာဘက်စုံသုံးခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများ ထုတ်ချေးပေးခြင်းအခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် တာဝန်ရှိသူများက စီမံကိန်းကော်မတီဝင်များနှင့်တွေ့ဆုံပြီး စိုက်ပျိုးရေးလုပ်ကိုင်သူ တောင်သူ(၅၂)ဦးအား ငွေကျပ်၂၈၅၀၀၀၀၀၊ မွေးမြူရေးလုပ်ကိုင်သူ (၂၆)ဦးအား ငွေကျပ်၁၀၉၀၀၀၀၀၊ စုစုပေါင်း ငွေကျပ်၃၉၄၀၀၀၀၀အား လက်ဝယ်အရောက်ထုတ်ချေးပေးခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အနောက်ရေပြားတော ပြည်သူများလူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများကို ၂၀၁၆ခုနှစ် ဇူလိုင်လ ၇ရက်တွင် စတင်ထုတ်ချေးပေးခဲ့ခြင်းဖြစ်ပြီး ယခုအကြိမ်ထုတ်ချေးပေးခြင်းသည် နဝမအကြိမ်မြောက်ဖြစ်ကြောင်းနှင့် မြစိမ်းရောင်ချေးငွေများ ထုတ်ချေးပေးခြင်းဖြင့် အနောက်ရေပြားတောကျေးရွာမှ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်သူများ၏ လူမှုစီးပွားဘဝများလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**(၄၈၅)**

### အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၀)အနိုင်၊ အရှုံး (NGB)

| | | | |
|---|---|---|---|
| နယူးကာဆယ် | ၁ | ၀ | အာဆင်နယ် |
| ဘွန်းမောက် | ၂ | ၁ | မန်စီးတီး |
| အစ်ဆွစ်ချ် | ၁ | ၁ | လက်စတာ |
| လီဗာပူး | ၂ | ၁ | ဘရိုက်တန် |
| နော်တင်ဟမ် | ၃ | ၀ | ဝက်စ်ဟမ်း |
| ဆောက်သမ်တန် | ၁ | ၀ | အဲဗာတန် |

### အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၀)အနိုင်၊ အရှုံး (NGB)

| | | | |
|---|---|---|---|
| ဘိုလော့ညာ | ၁ | ၀ | လက်ချီ |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၉)အနိုင်၊ အရှုံး (NGB)

| | | | |
|---|---|---|---|
| ဘိုင်ယန်မြူးနစ် | ၃ | ၀ | ယူနီယံဘာလင် |
| ဖရိုင်ဘတ် | ၇ | ၂ | ဘိုချမ် |
| ဟော်ဖန်ဟိုင်း | ၀ | ၂ | စိန့်ပေါ်လီ |
| ဝုဖ်ဘတ် | ၁ | ၁ | အော့စ်ဘတ် |
| ဟော်စတိုင်း | ၁ | ၀ | ဟိုင်ဒင်ဟိုမ်း |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၂)အနိုင်၊ အရှုံး (NGB)

| | | | |
|---|---|---|---|
| အိုဆာဆူနာ | ၁ | ၀ | ဗယ်လာဒိုးလစ် |
| ဂျီရိုနာ | ၄ | ၃ | လီဂါနက်စ် |

# ကန့်ဘလူမြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများနှင့် နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့ပြီး ဒေသခံပြည်သူများအား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း မဟုတ်မမှန် လုပ်ကြံရေးသား ဝါဒဖြန့်ဝေလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂

ကန့်ဘလူမြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများနှင့် နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့ပြီး ဒေသခံပြည်သူများအား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသား ဝါဒဖြန့်ဝေလျက်ရှိသည်။

ဖြစ်စဉ်အမှန်မှာ ကန့်ဘလူမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သည့် ကျီစု၊ ကျောက်တိုင်၊ ဝက်တိုးရွာများရှိ ဘုန်းကြီးကျောင်းများမှ သံဃာတော်များအား PDF အမည်ခံ အကြမ်းဖက်သမားများက နှင်ထုတ်၍ သာသနာ့နယ်မြေဖြစ်သော ကျောင်းဝင်းအတွင်းနှင့် စာသင်ကျောင်းများ၌ ခိုအောင်းစခန်းချကာ လက်လုပ်သေနတ်များ၊ လက်လုပ်စိန်ပြောင်းများနှင့် လက်လုပ်မိုင်းမျိုးစုံတို့အား ပြုလုပ်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အဆိုပါရွာများအတွင်း PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားခဲ့သည့် မိုင်းများ၊ ဘာသာရေးအဆောက်အအုံများနှင့် စာသင်ကျောင်းများအတွင်း ကင်းစောင့်ခဲ့သည့်နေရာများ၊ ဘန်ကာ/ပစ်ကတုတ်များ၊ လက်လုပ်သေနတ်၊ စိန်ပြောင်း၊ မိုင်းများနှင့် လက်လုပ်များ ပြုလုပ်ရာတွင်သုံးသည့် လက်သုံးကိရိယာမျိုးစုံတို့အား ဖော်ထုတ်သိမ်းဆည်းရရှိခဲ့သည်။

ထိုသို့ ရပ်ကွက်၊ ကျေးရွာများအတွင်း အကြမ်းဖက်သမားများ ခိုအောင်းမှုမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအပေါ် အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက ပြည်သူလူထုအထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိပြီး အကြမ်းဖက်သမားများ၏ လုပ်ရပ်များအား ပြည်သူများသိရှိစေရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းစဉ်







အကြမ်းဖက်သမားများ ခိုအောင်းစခန်းချခဲ့သည့် ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းနေရာများအား တွေ့ရစဉ်။









လက်လုပ်သေနတ်များ၊ လက်လုပ်စိန်ပြောင်းများ၊ လက်လုပ်မိုင်းများ သိမ်းဆည်းထားသည့် နေရာများအား တွေ့ရစဉ်။





အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရရှိခဲ့သည့် လက်လုပ်သေနတ်များ၊ လက်လုပ်စိန်ပြောင်းများ၊ လက်လုပ်မိုင်းများနှင့် ဆက်စပ်ပစ္စည်းများအား တွေ့ရစဉ်။

## မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း Nakhon Rachasima သို့ထွက်ခွာ

၂၀၂၄ အာဆီယံ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် လေ့ကျင့်လျက်ရှိသော မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် နိုဝင်ဘာ ၂ရက်က ပြိုင်ပွဲကျင်းပရာ Nakhon Ratchasima သို့ အုပ်ချုပ်နည်းပြ(၁၀)ဦး၊ ကစားသမား (၁၄)ဦးဖြင့် ထွက်ခွာသွားခဲ့ပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း ဘန်ကောက်မြို့မှ မထွက်ခွာမီ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ဖူဆယ်နှင့် သဲသောင်ပြင် ကော်မတီဥက္ကဋ္ဌ ဦးဝင်းသော်တို့သည် အသင်းတည်းခိုရာ Suan Sunandha Palace Hotel သို့ လာရောက်၍ အားပေးခဲ့ကြသည်။



မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ၂၀၂၄ အာဆီယံ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် အုပ်စု(ခ)တွင် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး နိုဝင်ဘာ ၄ရက်တွင် ဩစတြေးလျအသင်း၊ နိုဝင်ဘာ ၅ရက်တွင် ကမ္ဘောဒီးယား၊ နိုဝင်ဘာ ၆ရက်တွင် အင်ဒိုနီးရှားအသင်းတို့နှင့် အုပ်စုပွဲစဉ်များအဖြစ် ယှဉ်ပြိုင်ရမည် ဖြစ်သည်။

(NGB)

## AFC Challenge League တွင် ကွာတားဖိုင်နယ်တက်ရောက်ခဲ့သည့် ရှမ်းယူနိုက်တက်အသင်း ကမ္ဘောဒီးယားကလပ်အသင်းနှင့် ကစားရမည်

AFC Challenge League 2024-2025 ဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာနေရှင်နယ်လိဂ်ကလပ် ရှမ်းယူနိုက်တက်အသင်းသည် အုပ်စု(D)၏ အုပ်စုပထမဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုတွင်းတွင် လာအိုကလပ် Young Elephants အသင်းကို အနိုင်ရရှိပြီး တရုတ်(တိုင်ပေ)ကလပ် Tainan City အသင်းနှင့် သရေကျခဲ့သည်။ နှစ်ပွဲကစားအပြီး ရမှတ် လေးမှတ်ဖြင့် ရှမ်းယူနိုက်တက်အသင်းသည် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီး ကွာတားဖိုင်နယ်တွင် ကမ္ဘောဒီးယားကလပ် Preah Khan Reach Svay Rieng အသင်းနှင့် ကစားရမည် ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်အဖြစ် လာမည့် ၂၀၂၅ခုနှစ်၊ မတ် ၆ရက်တွင် ကမ္ဘောဒီးယားကလပ် Preah Khan Reach Svay Rieng အသင်းနှင့် အဝေးကွင်း၌ ကစားရမည်ဖြစ်ပြီး လာမည့် ၂၀၂၅ခုနှစ် မတ် ၁၃ရက်တွင် ဒုတိယအကျော့အဖြစ် အိမ်ကွင်း၌ ထပ်မံကစားရမည် ဖြစ်သည်။

(NGB)



# ဈေးနှင့်သားသတ်ဌာန ဝန်ထမ်းမိသားစုများ၏ စတုတ္ထအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်တော် ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဝန်ထမ်းမိသားစုများ၏ စတုတ္ထအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ခင်းကျင်းခြင်းကို ယနေ့ နံနက် ၉နာရီက ပြည်ကြီးတံခွန်မြို့နယ် မဟာဝိဇိတာရုံကျောင်းတိုက်၊ သီဝံချမ်းမြေ့ကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် နမ္မတူကျောင်း ဆရာတော် ဘဒ္ဒန္တပညာသိရီထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ကထိန်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် သီဝံချမ်းမြေ့ကျောင်းပဓာန နာယကဆရာတော် ဘဒ္ဒန္တသုမင်္ဂလ (သာသနဓဇ ဓမ္မာစရိယ)ထံ ဈေးနှင့်သားသတ်ဌာနဌာနမှူးဦးသက်နိုင်နှင့်ဇနီး၊ ဒုတိယဌာနမှူးနှင့် ဝန်ထမ်းမိသားစုများ၊ အလှူရှင် ဈေးသူ၊ ဈေးသားများက သံဃာတော်များအား ကထိန်လျာသင်္ကန်းနှင့် ဝတ္ထုငွေများ၊ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဈေးနှင့်သားသတ်ဌာန ဝန်ထမ်းမိသားစုများ၏ စတုတ္ထအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်တော်တွင် ကထိန် မ,တည် အလှူငွေ၊ လှူဖွယ်ပစ္စည်းပဒေသာပင်များ၊ ဆွမ်းနှင့် ဧည့်ခံကျွေးမွေးမှုများအတွက် စုစုပေါင်းအလှူငွေကျပ် ၁၂,၃၉၈,၀၀၀ လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

(အပေါ်ဓါတ်ပုံ)

(မန္တလေးနေ့စဉ်-၆)

*-*-*-*-*

*-*-*-*-*-*

# မိုးစပါးအသစ်များ ရိတ်သိမ်းနေပြီး ဈေးကောင်းရရှိသလို အဝယ်သွက်နေ

**မန္တလေး နိုဝင်ဘာ ၂**

မိုးစပါးအသစ်များရိတ်သိမ်းနေပြီး ဈေးကောင်းရရှိသလို အဝယ်သွက်နေရာ စပါးတင်း ၁၀၀ လျှင် ငွေကျပ် အနည်းဆုံး ၁၆သိန်း မှ ၁၈ သိန်းအထိ ပေါက်ဈေးရှိနေသည်။

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးစပါးစတင်ရိတ်သိမ်းသည့် စက်တင်ဘာလအတွင်းက စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၁၅သိန်းသာ ဈေးစတင်ဖွင့်လှစ်ခဲ့သော်လည်း အောက်တိုဘာလကုန်ပိုင်းတွင် ဈေးတန်းမြင့်တက်လာပြီး ဝယ်လိုအားကောင်းလာခြင်း ဖြစ်သည်။

စပါးပေါက်ဈေးမှာ စပါးအမျိုးအစားနှင့် စပါးအစို၊ အခြောက်နှင့် စပါးအရည်အသွေး၊ နေရာဒေသအပေါ်လိုက်ပြီး စပါးဈေးကွာခြားမှုရှိကြောင်း စပါးစိုက်တောင်သူတစ်ဦးက ပြောသည်။

" စပါးဈေးက တစ်နယ်နဲ့တစ်နယ်မတူသလို စိုက်တဲ့မျိုးလည်း မတူကြတော့ ဈေးကမတူပါဘူး။ လက်ရှိမှာတော့ အစို၊ အခြောက် အကုန်ဝယ်ပါတယ်။ စပါးအရည်အသွေးအလိုက် ဈေးကွာပါတယ်။ အရင်ကဆိုရင် စပါးအခြောက်မှ ဝယ်တာကနေ အခုဆို စပါးအစိုလည်း အစိုဈေးနဲ့လိုက်ဝယ်နေပါတယ်" ဟု ၎င်းက ပြောသည်။

လက်ရှိမှာ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတွေမှာ မိုးစပါးတွေ ရိတ်သိမ်းချိန်ဖြစ်ပြီး ရိတ်သိမ်းသည့် စပါးမျိုးများမှာ ဗီယက်နမ်၊ နှာကောက်၊ ငွေတိုး၊ ထွန်းပု၊ ဆင်းသုခ၊ GW-11 အပါအဝင် သက်ငယ်စပါးမျိုးတွေ ဖြစ်သည်။

မိုးစပါးအသစ်များကို စပါးပွဲစား၊ ကုန်သည်၊ စက်ပိုင်များမှာ ဝယ်လိုအားကောင်းနေသောကြောင့် စပါးအသစ်ဈေးနှုန်းမှာ ဆက်လက်မြင့်တက်နိုင်ကြောင်း သုံးသပ်ထားသည်။

ယခင်နှစ် ၂၀၂၃ ခုနှစ် မိုးစပါးရိတ်သိမ်းချိန်တွင် စပါးဈေးတင်း ၁၀၀ လျှင် ငွေကျပ် ၁၆၅၀၀၀၀ အထိသာ အမြင့်ဆုံးပေါက်ဈေးရှိခဲ့ရာ ယခုနှစ် စပါးပေါ်ချိန်တွင် တင်း ၁၀၀လျှင် ငွေကျပ် ၁၈၀၀၀၀၀ ထိပေါက်ဈေးရှိနေသည်။

(ဓါတ်ပုံ) ရွှေမန်း

# ယခုနှစ် မိုးရွာသွန်းမှုကောင်းမွန်ခဲ့သဖြင့် ပဲစင်းငုံသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ညောင်ဦး နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်တွင် ယခုနှစ် မိုးရွာသွန်းမှုကောင်းမွန်ခဲ့သဖြင့် တောင်သူများ သီးနှံဝင်ငွေ တိုးပွားရေးအတွက် အားထားစိုက်ပျိုးခဲ့သည့် ပဲစင်းငုံသီးနှံ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

"ဒီနှစ် မိုးရွာသွန်းမှုကောင်းမွန်ခဲ့လို့ ကျွန်တော်တို့ ညောင်ဦးမြို့နယ် အညာကျေးလက်ဒေသတွေမှာ တောင်သူတွေ သီးနှံ ဝင်ငွေတိုးပွားရေးအတွက် အားထားစိုက်ပျိုးခဲ့တဲ့ ပဲစင်းငုံသီးနှံ စိုက်ခင်းတွေဟာ ပြီးခဲ့တဲ့နှစ်ကထက် အောင်မြင်ဖြစ်ထွန်းမှုကောင်းမွန်ပါတယ်။ ပဲစင်းငုံသီးနှံက သက်တမ်းရှည် သီးနှံဖြစ်တဲ့အတွက် တောင်သူတွေက သီးနှံအပိုဝင်ငွေရရှိအောင် သုံးလပင်ထောင်မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ ဖူးစားပြောင်း စတဲ့ သီးနှံများနဲ့ သီးထပ်သီးညှပ် ရောနှောစိုက်ပျိုးကြပါတယ်။ တွဲဖက်စိုက်ပျိုးတဲ့ သီးညှပ်သီးနှံများ ရိတ်သိမ်းပြီးချိန်တွင် ပဲစင်းငုံသီးနှံပင်များ အောင်မြင်ဖြစ်ထွန်းစေရန် ပေါင်းရှင်းခြင်း၊ မြေဆွခြင်း၊ မြေဩဇာကျွေးခြင်းနှင့် ပိုးမွှားရောဂါကျရောက်မှုကင်းဝေးစေရန် ပိုးသတ်ဆေးနှင့်အပင်အားဆေးများ ပက်ဖျန်းခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ကြရပါတယ်။ ပဲစင်းငုံသီးနှံက စိုက်ပျိုးပြီး သက်တမ်း ၇ လခန့်ကြာပါက သီးနှံရိတ်သိမ်းခြွေလှေ့ရပါတယ်။ ယခုနှစ်မှာ မိုးရွာသွန်းမှုကောင်းခဲ့လို့ ပဲစင်းငုံသီးနှံစိုက်ခင်းတွေက အသီးအပွင့်များနဲ့ ဖြစ်ထွန်းအောင်မြင်လျက်ရှိပြီး အထွက်နှုန်းလည်း ကောင်းမွန်မှာပါ။ ဒါကြောင့် ပဲစင်းငုံသီးနှံစိုက်ခင်းများ ရိတ်သိမ်းခြွေလှေ့ချိန်မှာ ဈေးကောင်းရရှိဖို့ မျှော်လင့်မိပါတယ်" ဟု ညောင်ဦးမြို့နယ် ဆင်လူးအိုင်ကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ညောင်ဦးမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံသီးနှံ အထွက်နှုန်းကောင်းမွန်စေရေးနှင့် ဒေသတွင်း သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်မြင့်မားစေရေးအတွက် ပဲစင်းငုံသီးနှံ အပါအဝင် မြေပဲ၊ ပဲတီစိမ်း၊ ပဲနောက်၊ ပဲကြီး၊ ပဲလွမ်း စသည့် ပဲမျိုးစုံသီးနှံ စိုက်ပျိုးခြင်းအား တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဒေသခံတောင်သူများကို ပဲမျိုးစုံသီးနှံစိုက်ပျိုးရေးဆိုင်ရာနည်းပညာများ ပံ့ပိုးကူညီပေးခြင်း၊ သီးနှံအထွက်နှုန်းတိုးတက်ကောင်းမွန်စေရန်အတွက် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ ကိုယ်တိုင် မျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်လုပ်နိုင်ရေး၊ သီးနှံပိုးမွှားရောဂါကြိုတင်ကာကွယ်ရေးနှင့် အချိန်မီ ရိတ်သိမ်းခြွေလှေ့နည်းစနစ်များ အသိပညာပေးခြင်းများကို စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများနှင့် ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(၄၄၅)





# မြောင်းကူးကုန်ထုတ်တံတားတစ်စင်းအား ပြန်လည်ပြုပြင်ပေး

**ကျောက်ဆည် နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ဒေသထွက်ကုန်ပစ္စည်းများနှင့် ကဏ္ဍာမျိုးစုံ အသုံးပြုနိုင်ရေး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အောက်လင်းဇင်းမြောင်းမှ မြောင်းကူးကုန်ထုတ်တံတားတစ်စင်းအား မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ပြန်လည်ပြုပြင်ပေးခဲ့သည်။ ပြန်လည်ပြုပြင်ပေးသော မြောင်းကူးကုန်ထုတ်တံတားသည် အောက်လင်းဇင်းမြောင်း၏ ပေတိုင်အမှတ် ၁၀+၂၁၀၊ ကျောက်ဆည်မြို့နယ် ပုန်းညက်ကျေး ကျေးရွာအနီးတွင် တည်ရှိပြီး နှစ်ကာလကြာမြင့်ပြီဖြစ်သောကြောင့် ကမ်းကပ်ခုံများ ပျက်စီးနေခြင်း၊ တံတားကြမ်းခင်းမှာလည်း ခိုင်ခံ့မှုအားနည်းခြင်း၊ တံတားလက်ရန်းများ ပျက်စီးနေပြီး ယာဉ်သွားလမ်းအကျယ် ကျဉ်းမြောင်းနေသည့်အတွက် ဖြတ်သန်းသွားလာသည့် ယာဉ်များအန္တရာယ်ရှိခြင်း၊ လယ်ယာလုပ်ငန်းများနှင့် ထွက်ကုန်ပစ္စည်းများ သယ်ယူရာ၌ အခက်အခဲဖြစ်ပေါ်လျက်ရှိကာ မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှု ဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေ ငွေကျပ် ၁၉ ဒသမ ၅၀၀ သန်း အကုန်ကျခံပြီး အလျား ၁၄ ပေ၊ အကျယ် ၁၆ ပေ၊ အမြင့် ၅ လက်မ သံကူကွန်ကရစ်တံတား ပြန်လည်ပြုပြင်ပေးခဲ့ရာ လုပ်ငန်းများရာနှုန်းပြည့် ပြီးစီးပြီ ဖြစ်သည်။

အဆိုပါ ပြန်လည်ပြုပြင်ပေးခြင်းကြောင့် ပုန်းညက်ကျေးကျေးရွာ၊ ဆင်ဖြူကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ပြည်သူများ ဖြတ်သန်းသွားလာရာတွင် အဆင်ပြေချောမွေ့စွာ အချိန်တိုအတွင်း လွယ်ကူစွာ သွားလာနိုင်ပြီဖြစ်ကြောင်းနှင့် ဒေသတွင်းထွက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ သယ်ယူရာတွင် ရာသီမရွေး လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပြီဖြစ်သောကြောင့် ဒေသဖွံ့ဖြိုးရေးအတွက် များစွာ အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၅)






# ရတနာပုံတက္ကသိုလ် (၂၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂**

ရတနာပုံတက္ကသိုလ်နေ့ သင်တန်း၏ (၂၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ နံနက်၉နာရီက မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပါမောက္ခချုပ် ဒေါက်တာ တင့်မိုးသူ၏၊ ဒုတိယ ပါမောက္ခချုပ်များ၊ တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊တက္ကသိုလ်ပညာရေးအဖွဲ့ဝင်များ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဌာနမှူး(စီမံ/ဘဏ္ဍာ)၊ မော်ကွန်းထိန်း(စာမေးပွဲနှင့် ဘွဲ့နှင်းဌာန)၊ လ/ထမော်ကွန်းထိန်း(အဆေးသင်-သင်တန်းဌာန)၊ ဖိတ်ကြားထားသူများ၊ ဘွဲ့ရမောင်မယ်များနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရတနာပုံ တက္ကသိုလ် ပါမောက္ခချုပ်က ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ကျင်းပခဲ့သည့် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့၊ သိပ္ပံ(ဂုဏ်ထူး)ဘွဲ့၊ ဒီပလိုမာဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ မဟာဥပဒေဘွဲ့များအတွက် အောင်မြင်ခဲ့ကြသည့် မောင်မယ်များအား ဘွဲ့လက်မှတ်များအပ်နှင်းပြီး ဘွဲ့နှင်းသဘင်မိန့်ခွန်းမြွက်ကြားသည်။

အဆိုပါ(၂၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို အစမ်းလေ့ကျင့်ရက် အပါအဝင် နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိ အပိုင်းလေးပိုင်းခွဲပြီး တက်ရောက်ဘွဲ့ ၁၅၀၈ ဦး၊ အဝေးရောက်ဘွဲ့ ၉၅ ဦး စုစုပေါင်း ၁၆၀၃ ဦးကို ဘွဲ့အပ်နှင်းသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၈၂)

* - * - * - * - *

# (၃၆)ကြိမ်မြောက် မန္တလေးမြို့ မီးသတ်တပ်ဖွဲ့မိသားစု စုပေါင်းဘုံကထိန်ကျင်းပရေး ညှိနှိုင်းဆွေးနွေး

**မန္တလေး နိုဝင်ဘာ ၂**

(၃၆)ကြိမ်မြောက် မန္တလေးမြို့ မီးသတ်တပ်ဖွဲ့မိသားစု စုပေါင်းမဟာဘုံကထိန်တော်အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁ ရက် နံနက် ၁၀ နာရီက ချမ်းအေးသာစံမြို့နယ် ၈၁လမ်းနှင့် ၂၉လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ဗဟိုမီးသတ်စခန်း အစည်းအဝေးခန်းမတွင် ကျင်းပသည်။



အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးငွေးဝင်း၊ မန္တလေးခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ၊ မန္တလေးအရန်မီးသတ်ကြီးကြပ်ရေးကော်မတီဝင်များ တက်ရောက်ကြပြီး နှစ်စဉ်တန်ဆောင်မုန်းလအတွင်း စုပေါင်းမဟာဘုံကထိန်အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ဗဟိုမီးသတ်ရှေ့တွင် လှူဖွယ်ပစ္စည်းများခင်းကျင်းပြီး ကျောင်းတိုက်သို့ ပို့ဆောင်ရေစက်ချလှူဒါန်းရေး ဆွေးနွေးခဲ့ကြသည်။

(အပေါ်ပုံ)

(၀၄၅)

# မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ (ပထမ)အကြိမ် ထုတ်ချေး



**မိတ္ထီလာ နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မုန်တိုင်ကျေးရွာအုပ်စု၊ ဖလံကျင်းကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာအတွက် အမှန်တကယ်လိုအပ်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ(ပထမ)အကြိမ်မြောက် ထုတ်ချေးခြင်းကို ယမန့်နေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွန်ပျူတာလုပ်ဆောင်ရေးမှူး ဒေါ်အေးမြတ်မြတ်ဆွေက မြစိမ်းရောင်ကျေးရွာ စီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများအား ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များအား ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းအဖွဲ့ဝင်များထံ လည်ပတ်ရန်ပုံငွေကျပ် ၂၉ ဒသမ ၇သန်းအား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဖလံကျင်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦး ငွေကျပ် ၁၆ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄ ဦး ငွေကျပ် ၂ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦး ငွေကျပ် ၁၀ ဒသမ ၆ သန်း၊ စုစုပေါင်း ၄၈ ဦး၊ ငွေကျပ် ၂၉ ဒသမ ၇ သန်းအား အသီးသီး ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(အပေါ်ခဲပုံ)(၄၆၉)

* - * - * - * - *

* - * - * - * - * - *

# စာကြည့်တိုက်ဆောက်လုပ်နိုင်ရန်အတွက် ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ

**ဟိုပုံး နိုဝင်ဘာ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်တွင် စာကြည့်တိုက်ဆောက်လုပ်နိုင်ရန်အတွက် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို အောက်တိုဘာ ၃၁ ရက် နံနက် ၉ နာရီခွဲက ပေါင်လင်းကျေးရွာအုပ်စု၊ ဒုံမေးခိုးကျေးရွာနှင့် စငေါ်ကျေးရွာအုပ်စု၊ စအွန်ကျေးရွာတို့တွင် ကျင်းပသည်။

ရှေးဦးစွာ ပေါင်လင်းကျေးရွာအုပ်စု၊ ဒုံမေးခိုးကျေးရွာမှ ကျေးရွာကော်မတီက စာကြည့်တိုက်ဆောက်လုပ်မည့်အခြေအနေများကို ရှင်းလင်းတင်ပြပြီးနောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ ဒေသအဆင့်ဌာနဆိုင်ရာများက သတ်မှတ်နေရာအသီးသီးတွင် မင်္ဂလာပန္နက်တိုင်များအား (၉)ကြိမ်စီ ရိုက်သွင်းခဲ့ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။ အဆိုပါ အဆောက်အအုံသည် အလျား ပေ ၆၀၊ အနံ ၃၈ ပေ တစ်ထပ်အုတ်ညှပ် အဆောက်အအုံဖြစ်သည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် စငေါ်ကျေးရွာအုပ်စု၊ စအွန်ကျေးရွာရှိ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ နိုင်ငံတော်အစိုးရက ပြည်သူများ စာပေလေ့လာဖတ်ရှုစေရေး၊ အသိပညာဗဟုသုတတိုးပွားစေရေးနှင့် စာအုပ်၊ စာစောင်များကို လက်လှမ်းမီစွာထားရှိပေးနိုင်ရန်အတွက် စာကြည့်တိုက်ဆောက်လုပ်ပေးမည့်အခြေအနေများကို ရှင်းလင်းပြောကြားပြီးနောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် သတ်မှတ်နေရာ အသီးသီးတွင် မင်္ဂလာပန္နက်တိုင်များအား (၉)ကြိမ်စီ ရိုက်သွင်းခဲ့ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။ အဆိုပါ အဆောက်အအုံသည် အလျား ပေ ၅၀၊ အနံ ၃၈ ပေ တစ်ထပ်အုတ်ညှပ် အဆောက်အအုံဖြစ်သည်။ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသစ်ဆောက်လုပ်မည့် စာကြည့်တိုက်တစ်တိုက်လျှင် ငွေကျပ် သိန်း ၁၅၀နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ဖြင့် ငွေကျပ် သိန်း၁၅၀ တို့ဖြင့် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၂)

* - * - * - * - *

* - * - * - * - * - *



သစ်ပင်စိုက်ပါ
တို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ။

# ပြန် လှည့် ကြည့် ဖြစ် တဲ့ သက္ကရာဇ် များ (၉၆)

၁၉၉၀ ပြည့်နှစ်နှင့် ၁၉၉၁ ခုနှစ်သို့ စပ်ကူးမတ်ကူးကာလတွင် ကျွန်တော့်အဖို့ ကဗျာရေးဖွဲ့၍ အကောင်းဆုံးကာလများဟု ဆိုရပေမည်။ တစ်လအတွင်း ကဗျာ ၁၀ ပုဒ်ရေးလျှင် ကဗျာ ခုနစ်ပုဒ်အနည်းဆုံးမဂ္ဂဇင်းများတွင် ပုံနှိပ်ဖော်ပြခံရပါသည်။

ရေးပြီးသမျှ ကဗျာများအားလုံးနီးပါး မဂ္ဂဇင်းများတွင် ဖော်ပြပါရှိနေသောကြောင့် ကဗျာမရေးဖြစ်သည့်နေ့ဟူ၍ မရှိ၊ နေ့တိုင်း ကဗျာများ ရေးဖွဲ့ဖြစ်သည်။ နေ့တိုင်းဟု ဆိုရသော်လည်း အမှန်တကယ် ကဗျာရေးဖြစ်သည့်အချိန်မှာ ညကြီးမိုးချုပ်ချုပ်ရက်များသာ ဖြစ်သည်။

ကျွန်တော်၏ စာရေးစားပွဲသို့ အစောဆုံးထိုင်ဖြစ်သည့် အချိန်မှာ ည ၁၀ နာရီ ဖြစ်သည်။ တစ်ညလုံး ကဗျာစပ်သည်။ ကဗျာရေးသည်။ ည ၁၂ နာရီမှ နံနက် ၁ နာရီခန့် ဗိုက်ဆာလျှင် ညအလင်းဆိုင်ဖြစ်သော ၃၅ လမ်းမှ ရှမ်းမင်းသား လက်ဖက်ရည်ဆိုင်သို့သွားကာ လက်ဖက်ရည်သွားသောက်သည်။

ထိုစဉ်ကာလက ညအချိန် ဘယ်အချိန် ထွက်ထွက် စိတ်လက်ချမ်းသာစွာဖြင့် အပြင်ထွက်ရသည်မှာ စိတ်ချမ်းမြေ့ကြည်နူးဖို့ကောင်းသည်။ ခိုးဆိုးလုယက်သူများ မရှိ၊ မန္တလေးမြို့ ကျောက်လမ်းမပေါ်တွင် ကားသံ၊ ဆိုင်ကယ်သံလည်း ဆူညံမှုမရှိ၊ စက်ဘီးမြို့တော်ဖြစ်၍ မြို့ခံလူအတော်များများက စက်ဘီးစီးသွားကြ လာကြသည်။ စက်ဘီးမစီးချင်သူက ခြေကျင်လမ်းလျှောက်ကြသည်။ တိတ်ဆိတ်ငြိမ်သက်သော မြို့လေးဖြစ်သည်။

ရှမ်းမင်းသားလက်ဖက်ရည်ဆိုင်မှ ပြန်လာပြီး ချက်ချင်း အိပ်ရာမဝင်သေးဘဲ ဖွဲ့လက်စ ကဗျာကို မိုးလင်းသည်အထိ ပြီးစီးအောင် ရေးဖွဲ့သည်။

ပိတောက်ပွင့်သစ် မဂ္ဂဇင်းအမှတ်(၃)တွင် ပါရှိခဲ့သော 'ဆာလောင်ခြင်း' ကဗျာကို ညအလင်းဆိုင်လက်ဖက်ရည်ဆိုင်မှအပြန် ရေးဖွဲ့ဖြစ်ခဲ့ခြင်းဖြစ်သည်။

**ဆာလောင်ခြင်း**

- **သူဟာ**
  **အသိတရားပါတဲ့ နောင်တတွေကို**
  **စားသုံးချင်တယ် ။**
- **ဘုံးပေါလအော ပေါကြွယ်တာမျိုးဟာ**
  **လျှာအရိုးမရှိတော့**
  **အရသာတွေ ပုန်းကွယ်နေလိမ့်မယ် ။**
- **အရိုင်းဆန်တယ်ပဲ ပြောပြော**
  **လင်းပွင့်တဲ့ ပါးစပ်တစ်ပေါက်ဟာ**
  **စကြဝဠာကို ထိန်းချုပ်ထားနိုင်တယ် ။**
- **အခုဆို**
  **လောက ဟင်းလင်းပြင်မှာ**
  **သစ်ပင်စိုက်သူတွေ များလာပြီ ။**
- **ဒီလိုနဲ့**
  **သူဟာ**
  **ဟီရိုသြတပွကို လုံချည်ချုပ်ဝတ်ခဲ့တယ်**
  **သိက္ခာကို ခေါင်းခုအိပ်ခဲ့တယ်**
  **ဥပေက္ခာကိုတော့ ပါဆယ်ထုပ်လို့**
  **သူ့မျက်ခုံးမွေးပေါ်**
  **လမ်းလျှောက်သူတွေထံ**
  **ပေးပို့စေခဲ့တယ်။**
- **ခလုတ်ကို စ ဖွင့်လိုက်ပြီ**
  **တိပ်ကြိုးခွေထဲက မလိုင်ဖတ်တွေ**
  **ဖော်မိုက်ကာပြားပေါ်မှာ**
  **ပြန့်ကြဲလို့**
  **သူတို့ပဲ**
  **လှုပသေသပ်နေကြတယ် ။**
- **ဒီမှာတော့**
  **သမုဒ္ဒရာတစ်စင်းဟာ**
  **ပြင်းပြတပ်မက်မှုတွေနဲ့**
  **တွေ့သမျှ အရာအားလုံးကို**
  **သူ့အိတ်ကပ်ထဲ**
  **သိမ်းကျုံးထည့်နေလေရဲ့ ။ ။**

**သွယ်အောင်**
**(ပိတောက်ပွင့်သစ်မဂ္ဂဇင်း)**
**အမှတ်/ ၃/ ၁၉၉၁/ မေလ**

ကျွန်တော့်ကဗျာနှင့်အတူ မန္တလေးမြို့တွင် နေထိုင်ကြသော လူငယ်ကဗျာဆရာ ကိုသော်(ရွှေဦး)နှင့် ဟိန်းမြတ်ဇော်တို့၏ ခေတ်ပေါ်ကဗျာများလည်း ပိတောက်ပွင့်မဂ္ဂဇင်း အမှတ်(၃)တွင် ဖော်ပြပါရှိကြသည်။ ကိုသော်ဦး(ရွှေဦး)က '**သည်းခြေမဲ့**' ဆိုသည့် ကဗျာ၊ ဟိန်းမြတ်ဇော်က '**အထပ်ထပ်ဖတ်မိနေတဲ့ အပေါစားညတစ်ညအကြောင်း**' ကဗျာတို့ဖြစ်သည်။

ခေတ်ပေါ်ကဗျာ(မော်ဒန်)အရေးအဖွဲ့များဖြစ်သည်။ ထိုလူငယ် ကဗျာဆရာနှစ်ယောက်နှင့် ကျွန်တော်ရင်းနှီးကျွမ်းဝင်ခဲ့ကာ ကိုသော်(ရွှေဦး)မိုးကုတ်ကျောက်တွင်းမှာ အလုပ် လုပ်နေစဉ် ကျွန်တော်မထင်မှတ်ဘဲ မိုးကုတ်အလည်ရောက်ခိုက် သူ့ကို ကျောက်တွင်းတစ်တွင်း(မြုန်းကျောက်)ဆေးနေစဉ် သိခဲ့ရ၍ သူ့ဘဝကို သိခဲ့ရသည်။ ထို့ကြောင့် သူ့ကို ရင်ဘတ်ထဲက ကဗျာစာအနုအလှတွေ သီကုံးနေသူထက် သူ့ရင်ဘတ်ထဲက သမုဒ္ဒရာဝမ်းတစ်ထွာရဲ့ အတိမ်အနက်ကို ခန့်မှန်းမိကာ စာနာနေမိသည်။

ညီငယ်အရွယ်ရှိသော ဟိန်းမြတ်ဇော်ကိုတော့ ကျွန်တော် မန္တလေးတက္ကသိုလ်ကျောင်းတက်နေစဉ် ဘဝကတည်းက ကျောင်းဝန်းကျင် ပရိဝုဏ်ထဲတွင် မျက်မှန်းတမ်းမိပြီး ခင်မင်နေခဲ့သည်။

ယခုတော့ ကိုသော်(ရွှေဦး)လည်းမရှိတော့၊




ဟိန်းမြတ်ဇော်လည်း မရှိတော့ ကွယ်လွန်တိမ်းပါးကုန်ကြပြီ။ သူတို့တင်မဟုတ် ပိတောက်ပွင့်သစ်မဂ္ဂဇင်း ပုံကိုင်ရှင် ဆရာမောင်စိမ်းနီနှင့် ကဗျာတာဝန်ခံ အယ်ဒီတာ ကိုမြမြင့်မိုရ်တို့လည်း မရှိတော့ချေ။ ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်ကုန်ကြပြီ။

ပြန်တွေးကြည့်တော့လည်း အတိတ်က သက္ကရာဇ်များသည် အရိပ်ပမာ စွဲထင်ကျန်ရစ်နေဆဲပင်။ ကျွန်တော်၏ မိတ်ဆွေအနုပညာသမား ကဗျာရှင်များ မရှိတော့သည့်အချိန်ကျမှ သူတို့ကို ပို၍ လွမ်းဆွတ်နေမိပြန်သည်။

လွမ်းဆွတ်မှုများထဲမှ မဂ္ဂဇင်းတစ်အုပ်ထဲတွင် အဖွင့်စာမျက်နှာမှ ကျွန်တော်နှင့်အတူ ပါရှိခဲ့သော ကိုသော်(ရွှေဦး)၏ ကဗျာက ကျွန်တော့်ရင်ထဲ တိုးဝှေ့ဝင်လာပြီး အမှတ်ထင်ထင်ပို၍ လွမ်းဆွတ်နေမိပြန်သည်။

**သည်းခြေမဲ့**

- **ညှော်လေတိုက်တိုင်း**
  **ယောင်ကိုင်း ပြန့်ကားမြို့ ။**
- **လမ်းမ စိတ်ညှို့ခံရ**
  **မလိုအပ်ဘဲ ကုန်းကုန်းကွ**
  **ပိုးဟပ်တွေ တရွရွတက် ။**
- **မြင်ရရဲ့**
  **သစ်ပင်အစစ်နဲ့ လုပ်ထားတဲ့**
  **တောအတုတွေ**
  **စော်စော်ကားကား လှုပနေပုံ ။**
- **ငါ ဒေါသထွက်မဆုံး**
  **ဖြစ်နေရတာဟာ**
  **ဘီယာပင်လယ်မှာ**
  **တဝုန်းဝုန်းနဲ့**
  **တူတူပုန်း နေသူတွေကိုပေါ့ ။ ။**

**ကိုသော်(ရွှေဦး)**
**(ပိတောက်ပွင့်သစ်မဂ္ဂဇင်း)**
**အမှတ်/ ၃/ ၁၉၉၁/ မေလ**

သြော် …လမ်းတကာမှာ ဘီယာဆိုင်တွေ၊ အကင်ဆိုင်တွေ မြင်လေ သူငယ်ချင်း ကိုသော်(ရွှေဦး)ကို သတိရလေပါပဲ။

'ဆာလောင်ခြင်း' ကဗျာရေးဖြစ်သည့် ညမှာပဲ။ နောက်ထပ်ကဗျာတစ်ပုဒ် မိုးမလင်းခင်မှာ ပြီးအောင် ရေးဖွဲ့ဖြစ်သည်ကလည်း အမှတ်ရစရာ တစ်ခုပါ။ ယင်းကဗျာမှာ ညအကြောင်းကို ညထဲမှာ လမ်းလျှောက်ထွက်ခြင်းဖြင့် ရရှိခဲ့သော ကဗျာဖြစ်သည်။

ကဗျာခေါင်းစဉ်မှာ '**ညတစ်ခုထဲ အလည်ပတ်သွားခြင်း**' ဖြစ်သည်။ ယင်းကဗျာမှာ ရုပ်ရှင်တေးကဗျာ ရသစုံမဂ္ဂဇင်း ၁၉၉၁၊ ဧပြီလထုတ်တွင် အဖွင့် စာမျက်နှာမှ ဖော်ပြပါရှိခဲ့သည်။ ကဗျာ ၈ ပုဒ်ဖြစ် ပြီး ဖော်ပြခဲ့ရသော ကဗျာဆရာများမှာ တက္ကသိုလ် ဘုန်းနိုင်၊ သုခမိန်လှိုင်(သိဒ္ဓတ္ထလှိုင်)၊ မောင်သင်းပန်၊ သွယ်အောင်၊ မောင်ယဉ်နိုင်(မုံရွာ)၊ ဆွေဦးမြင့်၊ လှသန်း၊ နေထက်နိုင်တို့ ဖြစ်သည်။

ထိုကဗျာများထဲမှ ကဗျာဆရာလှသန်း၏ ကဗျာမှာ စာပေစိစစ်ရေး ငြိသဖြင့် ဆုတ်ဖြဲခံခဲ့ရကာ လှသန်းကဗျာနှင့် ကျောချင်းကပ် နေထက်နိုင်ကဗျာမှာကံမကောင်းစွာဖြင့် ဆိုက်ကားတွဲစီးမိရက်သားဖြစ်သွားကာ ဆုတ်ဖြဲခံရသည့်အထဲ နေထက်နိုင်ကဗျာလည်း ပါသွားရှာသည်။

ထိုကဗျာများထဲမှ တေးသီချင်းတွေ ရေးသည့် ကဗျာဆရာ သုခမိန်လှိုင်၏ '**ရုပ်ရှင်**' ကဗျာမှာ အတော်ပေါက်သွားပြီး လက်ဖက်ရည်စကားဝိုင်းတွင် ဆရာသုခမိန်လှိုင်၏ '**ရုပ်ရှင်**' ကဗျာသည် ကျွန်တော်တို့ကဗျာဆရာများ၏ ပါးစပ်ဖျားတွင် နေရာယူလို့နေတော့သည်။

**သွယ်အောင်**





## စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**ကျောက်ဆည် နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်တွင် ကျောက်ဆည်မြို့ မြို့မအခြေခံပညာ အထက်တန်းကျောင်း ဘက်စုံသုံးခန်းမတွင် ယမန်နေ့ နံနက် ၉နာရီခွဲက စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီလင်းက ဘက်စုံထူးချွန်ရေး အသိပညာပေးဟောပြောပွဲများ ကျင်းပပေးခြင်းဖြစ်ကြောင်း ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အသိဉာဏ်ကြွယ်ဝရေး လေ့လာမှတ်သားသွားကြရန် အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက လူငယ်စကားဝိုင်းများ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပခဲ့ရာ ခရိုင်ဦးစီးအရာရှိဒေါ်ခင်နှင်းရီက အစီအစဉ်တင်ဆက်သူအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပြီး အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း Grade-11 မှ မရွှန်းလဲ့လဲ့အောင်က လူငယ်နှင့်ပညာရေး၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း Grade-11 မှ မောင်ကောင်းခန့်သူက လူငယ်နှင့်စာရိတ္တ၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း Grade-11မှ မောင်ဝင်းခန့်ကျော်က လူငယ်နှင့်ကျန်းမာရေး၊ မြို့မအခြေခံပညာအထက်တန်းကျောင်း Grade-11 မှ မောင်ထက်ဝင်းရွှေက လူငယ်နှင့် မူးယစ်ဆေးဝါးစသည့် ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြပြီး ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်းနှင့် ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ပြသထားသည့် သုတရသစာအုပ်များ၊ လူငယ်စကားဝိုင်း ဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများ၊ အရွယ်မရောက်သေးသူ ကလေးများအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ငါတို့ဘာတွေ လုပ်ဆောင်ပေးနိုင်မလဲ၊ ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအကြောင်း စသည့် အသိပညာပေး နံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ) (၄၈၅)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ပန္နရေး

## ကျေးဇူးရှင်

* အမိအဖ ပေးဖူးလျှင်
လောကတစ်ခွင် ဘေးမများ ။
ဘုန်းကကြွယ် လျှံပယ်ခြင်းသို့
လက်ငင်းစံစား ။

* သတိတရ ကျွေးဖူးလျှင်
သောကမမြင် ဆေးတစ်ပါး ။
သုံးရလွယ် အန္တရာယ်ကင်းလို့
ချက်ချင်းရန်ရှား ။

* အတိအကျ ကျေးဇူးရှင်
ပြောပြအစဉ် ရေးစကား ။
ဆုံးမမယ် ရန်စွယ်ခွင်းဖို့
သက်ဆင်းမှန်သား ။ ။

**ဇော်ဝင်း(မဒ္ဒိမ)**

## ရုပ်ရှင်ကဏ္ဍ

**ကျားကျားနဲ့နဲ့**

ရုပ်ရှင်ချစ်ပရိသတ်တွေအတွက် ဒီတစ်ပတ်မှာတော့ ဟာသရုပ်ရှင်ဇာတ်ကားကိုမှ နှစ်သက်သူတွေအတွက် "ကျားကျားနဲ့နဲ့" ဟာသရုပ်ရှင်ကားကြီးကို ပြသနေပါပြီ။

"ကျားကျားနဲ့နဲ့" ဟာသရုပ်ရှင်ဇာတ်ကားကြီးကို ဇာတ်လမ်း၊ ဇာတ်ညွှန်း၊ ဒါရိုက်တာ ပြည်ဟိန်းသီဟ၊ Golden Heart FILM Production ရုပ်ရှင်ထုတ်လုပ်ရေးတို့က ရိုက်ကူးပုံဖော်ထားပြီး ရုပ်ရှင်သရုပ်ဆောင် ကျော်ကျော်ဗိုလ်၊ ရဲလေး၊ တိုင်ရွှန်၊ ခင်စန်းဝင်း၊ ညီညီမောင်(စမ်းချောင်း)၊လင်းလင်း၊ မထက်(Pop Soul)၊ ကျော်ထူး၊ အုန်းသီး၊ ဂျိုကာ၊ ဆူးတို့နဲ့အတူ ထိုင်းသရုပ်ဆောင်များဖြစ်ကြတဲ့ Ms. Rattika Fakkeaw၊ Ms.Sirimas Poohkongchai၊ Ms. Siriwan Supathmmawit၊ Mr.Wharuch Photiralgsiwakarn တို့က ပါဝင်သရုပ်ဆောင်ထားပြီး အခြားနာမည်ကြီး ဟာသသရုပ်ဆောင်များစွာနဲ့အတူ ဟာသရသမြောက်အောင် ရိုက်ကူးတင်ဆက်ထားပါတယ်။

ဘဝမှာအားလုံးပြီးပြည့်စုံပြီလို့ ထင်ခဲ့ပေမယ့် တကယ်တမ်း "အချစ်" နဲ့တွေ့မှ ဒုက္ခမျိုးစုံခံရတဲ့ စပွန်ဆာမမကြီးအဖြစ် မကြီးစန်း၊ ပုပ္ပားမှာမျောက်စာရောင်းတဲ့ တောသူမလေးအဖြစ် သုသု၊ ကိုယ်တိုင်ထန်းပင်ပေါ်တက် ကိုယ်တိုင်ထန်းရည်သောက်ပြီး ထန်းရည်ရောင်းတဲ့ အညာကထန်းရေရောင်းတဲ့ တောသူမလေးအဖြစ် လင်းလင်း၊ အလှအပလည်း အရမ်းကြိုက်တဲ့ ပုဂံမှာယွန်းထည်ရောင်းတဲ့ အညာသူလေးအဖြစ် မထက်တို့က ဟာသရသမြောက်အောင် နာမည်ကျော်မင်းသားတွေနဲ့ တွဲဖက်သရုပ်ဆောင်ထားတဲ့ ဟာသဇာတ်ကားတွေကို ကြည့်ရှုချင်ရင်တော့ မန္တလေးမြို့ Win Light Cinema, Mingalar Masoeye Complex, Mingalar Central Point, Mingalar Cinema Yama (Amarapura) ရုပ်ရှင်ရုံတွေမှာ သွားရောက်ကြည့်ရှုနိုင်ပါပြီ။

**ရွက်နုဝေ**

NOW SHOWING





## ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်၊ စာပေ လေ့လာစို့ ။

## အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၇)သင်တန်း ဖွင့်လှစ်

**မိုင်းဆတ် နိုဝင်ဘာ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့၌ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းအမှတ်စဉ်(၇) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက အိမ်တွင်းမှုသင်တန်းခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးက အဖွင့်အမှာ စကားပြောကြားရာတွင် ယခုသင်တန်းကို နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အညီ ပြည်ထောင်စုတစ်ခုလုံး ဟန်ချက်ညီညီ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နယ်စပ်ရေးရာဝန်ကြီးဌာနကလည်း အိမ်တွင်းမှုသင်တန်းကျောင်းများကို ရည်ရွယ်ချက်(၅)ရပ်ဖြင့် ဖွင့်လှစ်ထားရှိပါကြောင်း၊ ယခုသင်တန်းကို အောက်တိုဘာ ၂၈ ရက်မှ မတ်လ ၂၈ ရက်အထိ ရက်သတ္တပတ် ၂၂ ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း အဆောင်နေ သင်တန်းသူများအတွက် နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးတို့ကို တာဝန်ယူသွားမည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ပြီး သင်တန်းသူ ၁၈၄၁ ဦးအနက် ၉၁၇ ဦးမှာ စက်ချုပ်အတတ်ပညာဖြင့် ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းပြုလျက်ရှိနေပြီဖြစ်ကြောင်း၊ ယခုသင်တန်းတက်ရောက်သူများအနေဖြင့် အိမ်တွင်းမှုပညာရပ်များကို ကြိုးစားသင်ယူသွားကြရန်နှင့် စည်းစည်းလုံးလုံးနှင့် ချစ်ခင်ရင်းနှီးစွာ နေထိုင်သွားကြရန် မှာကြားခဲ့သည်။

ထို့နောက် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(မိုင်းဆတ်)မှ ကျောင်းအုပ် ဒေါ်ခိုင်ခိုင်ထွေးက ယခုသင်တန်းတွင် သင်တန်းသူ ၃၀ ဦးတက်ရောက်သင်ကြားမည်ဖြစ်ပါကြောင်းနှင့် သင်တန်းတွင် ပို့ချမည့် သင်ခန်းစာများနှင့် သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# သတင်းပဒေသာ

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး ဆောင်ရွက်လျက်ရှိ

ပြည်ထောင်စုနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ် မီးသတ်ဦးစီးဌာန အနေဖြင့် ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ ရပ်ကွက်၊ ကျေးရွာများတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး အတွက် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁ရက် နံနက်ပိုင်းက ဇမ္ဗူသီရိမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရာဇာမင်းမြတ်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ ပါဝင်သောအဖွဲ့သည် ဂုဏ်မင်းအင်းကျေးရွာ၊ ရှားတောကျေးရွာနှင့် တဲကြီးကုန်းကျေးရွာ တို့တွင် မီးဘေးကြိုတင်ကွယ်ရေး စစ်ဆေးအကြံပေးခြင်းများနှင့် အခြားလိုအပ်သည်များကို ကွင်းဆင်းဟောပြော ဆောင်ရွက်ခဲ့ ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဆေးပညာလေ့ကျင့်သင်ကြားခြင်း အစီအစဉ်ဆောင်ရွက်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် ၃၀၀တွင် စဉ်ဆက်မပြတ် ဆေးပညာလေ့ကျင့်သင်ကြားခြင်း အစီအစဉ်နှင့် လူအချင်းချင်းပြောဆိုဆက်ဆံခြင်း၊ ပြည်သူလူထု နှင့်ပြောဆိုဆက်ဆံခြင်းနည်းလမ်းများ ဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက ပုဗ္ဗသီရိမြို့နယ် ပြည်သူ့ဆေးရုံကြီး ခုတင် ၃၀၀၌ ကျင်းပခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

## စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲ ကျင်းပ

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသား၊ ကျောင်းသူများ စာအုပ်စာပေ လေ့လာဖတ်ရှုနိုင်ရန်နှင့် စာပေလေ့လာဖတ်ရှုခြင်းမှ ရရှိသော အသိပညာဗဟုသုတများကို ပြန်လည်အသုံးချမျှဝေနိုင်ရန် ရည်ရွယ်၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲ အခမ်း အနားကို ယမန်နေ့ နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး၊ တောင် တွင်းကြီးမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## သမဝါယမကဏ္ဍမှ ဆောင်းဆီထွက်သီးနှံ(နေကြာမျိုး)ပေးအပ်

သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ် သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုလီမီတက်တို့၏ သမဝါယမကဏ္ဍမှ ဆောင်းဆီထွက်သီးနှံ(နေကြာမျိုး) ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တွင် ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်ပိုင်ဖြိုး နှင့်တာဝန်ရှိသူများက နေကြာစိုက်ပျိုးမည့် တောင်သူများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးဆောင်ရွက်ကြသည်။ ထို့နောက် နေကြာစိုက်ပျိုးမည့် ဂုံညင်းတန်းကျေးရွာ၊ မက္ကဒန် ကျေးရွာနှင့် တက်ဆွဲကျေးရွာတို့မှ (စိုက်၊ ထွေ)သမဝါယမ အသင်း သားတောင်သူ ၉၀ ဦး၏ ဧက ၄၀၀ အတွက် နှစ်ဧကလျှင် ရေ ဆင်းစပ်မျိုး (၁)နေကြာမျိုး တစ်အိတ်နှုန်းဖြင့် နေကြာမျိုးအိတ် ၂၀၀ ကို တောင်သူများလက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အိမ်ဆောက်ပစ္စည်းဖိုးငွေ ထောက်ပံ့ပေးအပ်

ညောင်ရွှေမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက် ပျက်စီးဆုံးရှုံးသွားသည့် လူနေအိမ်များအတွက် အမျိုးသားသဘာဝ ဘေး ရန်ပုံငွေမှ အိမ်ဆောက်ပစ္စည်းဖိုးငွေ ထောက်ပံ့ပေးအပ်ခြင်းကို အောက်တိုဘာ ၃၁ရက် မွန်းလွဲ ၂နာရီက ညောင်ရွှေမြို့ အထွေ ထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သဘာဝဘေးအန္တရာယ်အမျိုးမျိုးကင်းဝေးစေရန် ဆုတောင်းမေတ္တာပို့ အလှူငွေပေးအပ်

**မန္တလေး နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး အတွင်းသဘာဝဘေးအန္တရာယ် အမျိုးမျိုးမှကင်းဝေးစေရန် ဆု တောင်း မေတ္တာပို့သခြင်းကို နိုဝင် ဘာ ၁ရက် နံနက်၇နာရီခွဲက အမရပူရမြို့နယ်ရှိ ရွှေကူကြီး လှောင်းတော်မူဘုရားတွင် ပြုလုပ် သည်။

သဘာဝဘေးအန္တရာယ်ကင်း ဝေးစေရေး ဆုတောင်းမေတ္တာပို့သ မှုများတွင် မန္တလေးတိုင်းဒေသ ကြီး မီးသတ်ဦးစီးမှူးညွှန်ကြား ရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဌေး ဝင်း၊ မန္တလေးခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ကိုကို၊ မြို့နယ်မီးသတ် ဦးစီးမှူးများ၊ မန္တလေးခရိုင် အရန် မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်း မှူးများနှင့်တပ်ခွဲမှူးများ တက် ရောက်ကြပြီး ရွှေကူကြီး လှောင်း တော်မူဘုရားအား ပန်း၊ ဆီမီးရေ ချမ်းများကပ်လှူပြီး ကန်တော့၍



ဆုတောင်းမေတ္တာပို့သကြသည်။

ထို့နောက် မန္တလေးတိုင်း ဒေသကြီးမီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး၊ ဒုတိယတိုင်း ဒေသကြီး မီးသတ်ဦးစီးမှူး၊ ခရိုင်နှင့်မြို့နယ်မီးသတ်ဦးစီးမှူး များ၊ အရန်မီးသတ် ဒုတိယ တပ်ရင်းမှူးနှင့် တပ်ခွဲမှူးများက အမရပူရမြို့နယ်ရွှေကူကြီး ဘုရား အား အလှူငွေများပေးအပ်လှူဒါန်း ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)(၀၄၅)



## ရွှေပြည်ဆိပ်ဦးစေတီတော် ဘက်စုံမွမ်းမံရေး အလှူငွေပေးအပ်

**ဂန့်ဂေါ နိုဝင်ဘာ ၂**

ဂန့်ဂေါမြို့ ရှေးဟောင်းသမိုင်း ဝင် ရွှေပြည်ဆိပ်ဦးစေတီတော်ကို ဘက်စုံမွမ်းမံဆောင်ရွက်လျက်ရှိ၍ ယနေ့နံနက်တွင် ဂန့်ဂေါမြို့ ကျော တိုက်ရပ်ကွက်နေ ဦးသိန်းလှ ဒေါ်ခင်အေးညို မိသားစုက ငွေကျပ် သိန်းတစ်ရာကို ယမန်နေ့က လာ ရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမြင့်စိုးနှင့်ဦးဇင်အောင်တို့က လက်ခံရယူကြ၍ ဆုတောင်းစကား များ ပြန်လည်ပြောကြားကြသည်။

"စေတီတော်ပုရိဝုဏ်မှာ ရုပ် တော်မူဘုရား၊ နဂါးရုံဘုရား၊ ဗောဓိညောင်ပင်ရှစ်မျက်နှာဘုရား၊ ကြိုဟ်ပြေနံ့ပြေဘုရားများ၊ ဘုရား အရုဏ်ခံပြန်လည်ပြုပြင်ခြင်း၊ တံခွန်တိုင်အသစ်ပြုလုပ်ခြင်း၊ မီး စက်နှင့်ဆက်စပ်ပစ္စည်းများတပ် ဆင်ခြင်းတို့ ဆောင်ရွက်ပြီးဖြစ်ပါ တယ်။ အခုဆက်လက်ပြီးတော့ အရှေ့ဘက်အဝင်မုခ်ဦး ပြန်လည် ပြုပြင်ဖို့ စီစဉ်ဆောင်ရွက်နေပါ တယ် "ဟု ဘုရားဂေါပကအဖွဲ့ဝင် တစ်ဦးက ပြောသည်။

ထို့ပြင် စေတီတော်ထီးတော် အသစ် တင်လှူပူဇော်ရန် စီစဉ် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ကုသိုလ်ရှင်များက အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဖုန်း ၀၉- ၄၅၅၅၅၁၁၈၅ သို့ ဆက် သွယ်နိုင်ကြကြောင်း သိရသည်။

(အပေါ်ပုံ)(၃၈၈)

## နယ်စပ်တောင်တန်း ကထိန်တော်သို့ အသင်းထောက် ၁၄၁ မှ ပဒေသာပင်များ လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၂**

မန္တလေး၊ တောင်စလင်း တိုက်သစ် ဘာဝနာဌာန၊ ပဓာန နာယက ဆရာတော်နှင့် နယ်စပ် တောင်တန်းဒေသ (၁၇)ကြိမ် မြောက် စုပေါင်းဘုံကထိန်တော် ဖြစ်မြောက်ရေး ဆရာတော် ဘဒ္ဒန္တ တိက္ခအဘိဇေမဟာရဋ္ဌဂုရု ဦး ဆောင်သည့် ဗုဒ္ဓဘာသာသာသနာ ပြန့်ပွားရေးအသင်းချုပ်ရုံး မန္တလေး သို့ မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ မဲကင်းကုန်းရှိ အသင်းတောက် အမှတ် (၁၄၁)မှ ပဒေသာပင်များ တစ်ပင်လျှင် တစ်ကျောင်းစာ အတွက် ငွေကျပ် တစ်သိန်းတစ် သောင်းဖြင့် လာရောက်လှူဒါန်း ကုသိုလ်ပြုလျက်ရှိရာ တန်ဆည် မြို့နေ အလှူရှင် ဦးဇော်မင်းဦး+ ဒေါ်နှင်းသွယ်က ငွေကျပ် တစ် သိန်းတစ်သောင်း၊ မန္တလေးမြို့နေ အလှူရှင် ဦးငြိမ်းချမ်းအောင်က ငွေကျပ် ဆယ်သိန်း၊ ကျွန်းလှမြို့ နေ အလှူရှင် ဦးသန်းရွှင်+ဒေါ်တင်လှ မိသားစုက ငွေကျပ်တစ်သိန်းတစ် သောင်း၊ စုစုပေါင်းငွေကျပ် တစ် ဆယ့်နှစ်သိန်းနှစ်သောင်းကို မမိနှင့် အဖွဲ့က ယမန်နေ့က ပေးလှူရာ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေး အသင်းချုပ်ကော်မတီဝင်ဦးယုတင် နှင့်အဖွဲ့ကလက်ခံရယူပြီး ကျေးဇူး တင်စကားပြော၍ ဂုဏ်ပြုမှတ် တမ်းလွှာ ပြန်လည်ပေးအပ်သည်။ အလားတူ မန္တလေး ဈေးချိုတော် A နှင့် B ရုံကြားရှိ ဒေါ်မြိုင်ကြီး အထည်ဆိုင်က ပဒေသာပင်တစ် ပင်၊ မန္တလေးမြို့နေ အလှူရှင် ကိုအာကာဟိန်း+မထက်ရွှေစင်ငြိမ်း (သား)လှိုင်မြင့်မြတ်ပိုင်၊ ဂုဏ်တေဇ ထွဋ်ခေါင်က ပဒေသာပင်တစ်ပင် အသီးသီးလှူဒါန်းကြကြောင်း သိ ရသည်။



(ဝဲပုံ)

(ကဆ)

၀-၀-၀-၀-၀-၀-၀

## (၂၃)ကြိမ်မြောက် ကမ္ဘောဇသာမဏေကျော် စာမေးပွဲဖွင့်ပွဲအခမ်းအနား ကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ လမ်းမတော်ရပ် ကွက်၊ ဗိုလ်ချုပ်လမ်းရှိ အတုလ မာရဇိန်ဆုတောင်းပြည့်မြတ်စွာ ဘုရားမြို့လယ်ဓမ္မာရုံ၌ အောက်တို ဘာ ၂၅ ရက် နံနက် ၉ နာရီခွဲက မြို့လယ်ဓမ္မာရုံဂေါပကအဖွဲ့မှ ကြီးမှူးကျင်းပသော (၂၃)ကြိမ် မြောက် ကမ္ဘောဇသာမဏေကျော် စာမေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ သည်။



အခမ်းအနားကို ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသ အမှူးပြု သည့် ဆရာတော်ကြီးများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့သည်။

အဆိုပါ စာမေးပွဲ မြို့လယ် ဓမ္မာရုံနှင့် သာသနာလင်္ကာရ ကမ္ဘောဇသာသနာဗိမာန်တို့၌ ပဓ္ဌကဆရာတော်(၃)ပါး၊ ဩဝါဒ စရိယဆရာတော်(၁၀)ပါး၊ စာမေးပွဲ ကြီးကြပ် ဆရာတော်(၁၅)ပါး၊ စာစစ်ဆရာတော်(၆၀)ပါးတို့မှ ကြီးကြပ်၍ ပထမအဆင့်တွင် ၇၅၆ ပါး၊ ဒုတိယအဆင့်တွင် ၁၆၁ ပါး၊ တတိယအဆင့်တွင် ၁၀၄ ပါး၊ စုစုပေါင်း ၁၀၂၁ ပါး တို့ဖြေဆိုတော်မူကြပြီး အောက် တိုဘာ ၃၀ရက်တွင် စာအောင် ဘွဲ့နှင်းသဘင်အခမ်းအနားနှင့် သံဃာ့ဒါနဆွမ်းဆန်စိမ်းလောင်း လှူပွဲအခမ်းအနားကို ကျင်းပ ကြောင်း သိရသည်။

(ဝဲပုံ)

(၃၆၈)

# မြစည်းခုံစေတီတော်၏ ဌာပနာပိတ်ရှု ပူဇော်ပွဲ

သူတော်ကောင်းသား
စိတ်ထားကောင်းလျက် သေရည်ဖျက်သည်
စေတီဘုရား
တည်ထားကောင်းလျက် ညောင်ပင်ဖျက်သည်

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာထွန်းကားသော နိုင်ငံဖြစ်သည်။ ဘာသာရေးအရသာမက ပင်ကိုယ်စိတ်ထားအရပါ စေတနာသဒ္ဓါတရားထက်သန်အားကောင်းလှသော မြန်မာများသည် ရှေးအဆက်ဆက် နှစ်ပေါင်းရာထောင်ချီ၍ ဗုဒ္ဓ၏ အဆုံးအမကို နာယူခဲ့ကြသည်။ စေတီပုထိုးများ ဘုရားကျောင်းကန်များ နိုင်ငံအနှံ့ မင်းနေပြည်တော်များသာမက တောချုံအုံကြားပါမကျန် တည်ထားဆောက်လုပ်လှူဒါန်းခဲ့ကြသည်။

ပထမမြန်မာနိုင်ငံတော်ကို ထူထောင်၍ အရှင်အရဟံ၏ တရားဓမ္မကို နာယူလျက် ထေရဝါဒဗုဒ္ဓသာသနာကို ကျယ်ပြန့်ထွန်းကားအောင် ဆောင်ရွက်တော်မူခဲ့သည်။ အနော်ရထာမင်းမြတ်လက်ထက်မတိုင်မီ ဗုဒ္ဓဘာသာသည် မြန်မာနိုင်ငံတွင် ရောက်ရှိနေနှင့်ပြီး ဖြစ်သည်။ စေတီပုထိုးများလည်း ရှိနှင့်နေခဲ့ပြီ ဖြစ်သည်။ အနော်ရထာမင်းမတိုင်မီ ခေတ်တစ်ခေတ်ကပင် ပုဂံပြည်ကြီးတွင် ရှင်မထီးကြောင့် လူတိုင်းချမ်းသာခဲ့သဖြင့် မုဆိုးမပင် ဘုရားတည်နိုင်ခဲ့သည်ဟု ကြားဖူးမှတ်ဖူးခဲ့သည်။

သို့တိုင် ခေတ်ကာလပေါင်းများစွာကိုဖြတ်ကျော်၍ နှစ်ကာလများ၏ တိုက်စားမှုဒဏ်ကိုခံရသဖြင့်လည်းကောင်း လေဒဏ် မိုးဒဏ် မုန်တိုင်းဒဏ်၊ ငလျင်ဒဏ် သဘာဝဘေးဒဏ်တို့ကြောင့်လည်းကောင်း၊ စေတီပုထိုးအတော်များများမှာ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ဝိသမလောဘသားများ၏ ဌာပနာတိုက်ဖောက်ထွင်းခိုးယူမှုကြောင့်လည်း ပျက်စီးခဲ့ရသည်။ အထူးသဖြင့် လင်းနို့ကဲ့သို့သော ငှက်များ၏ မစင်စွန့်မှုကြောင့် စေတီပုထိုးများတွင် ညောင်ပင်များပေါက်ရောက်ကာ အမြစ်တွယ်လျက် စေတီပုထိုးများကို ပျက်စီးစေခဲ့သည်။

ကံအားလျော်စွာပင် တချို့တချို့သော သမိုင်းဝင်စေတီပုထိုးများမှာ မပျက်မစီးကျန်ရစ်ခဲ့ကြသည်။ တတ်သိနားလည်သူ တန်းဖိုးသိသူ စေတနာရှင်များ ဘာသာရေးဥသျှောင်များ၏ ဆက်လက်ပြုပြင်ထိန်းသိမ်းမှုကြောင့်လည်း ယနေ့တိုင် အများပြည်သူများ ကိုးကွယ်ရာ စေတီပုထိုးများအဖြစ် ကျန်ရစ်ခဲ့သည်လည်း ရှိသည်။

ထိုကဲ့သို့သော ဘာသာရေးအမွေအနှစ်များကို မြန်မာနိုင်ငံနေရာအနှံ့တွင် တွေ့မြင်နိုင်သည်။ ဤသည်ထဲမှ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်တွင် ပုဂံခေတ် ရှေးဟောင်းစေတီပုထိုးအများအပြားတွေ့ရှိရာ ဘာသာသာသနာထွန်းကားရာ ဒေသအဖြစ်မှတ်တမ်းတင်ကျန်ရစ်ခဲ့သည်။

ထိုသို့ သမိုင်းဝင်ဘာသာရေးအမွေအနှစ်များကို အောင်ပင်လယ်ရှိ စောမွန်လှမြတဘက်နဂါးကိုးကောင်ဘုရား စောမွန်လှပေါ်တော်မူဘုန်းတော်ကြီးကျောင်းပရိဝုဏ်တွင် တချို့သော စေတီပုထိုးများကို တစ်စုတစ်စည်းတည်း ဖူးတွေ့နိုင်သည်။

ရှမ်းမင်းသမီး မိဖုရားစောမွန်လှတည်ထားကိုးကွယ်ခဲ့သော မြတဘက်စေတီတော်၊ ပုဂံခေတ်မြစည်းခုံစေတီတော်၊ စောမွန်လှရှစ်မျက်နှာရှမ်းစေတီ၊ စောမွန်လှနဂါးကိုးကောင်သိမ်တော်၊ ပေါ်တော်မူစေတီ၊ လိုရာပြည့်စေတီတော်တို့ တည်ရှိရာ လွန်ခဲ့သောနှစ်(၃၀)ခန့်က ချုံနွယ်ပိတ်ပေါင်းများဖြင့်ပြိုလဲပျက်စီးလုနီးနီး ရှိနေခဲ့သည်။ မြတဘက်စေတီတော်တစ်ဆူသာ ကျန်သလောက်ဖြစ်နေသည်။ နဂါးကိုးကောင်ဆရာတော်က အဆိုပါစေတီပုထိုးများကို နှစ်(၃၀)ကျော်အတွင်း ပြန်လည်ပြုပြင်မွမ်းမံခဲ့သဖြင့် ယခုအခါ အဆိုပါ ဘုရားပရိဝုဏ်များတွင် ဘုရားဖူးဧည့်သည်များဖြင့် ပြန်လည်စည်စည်ကားကား ရှိလာသည်။

အဆိုပါစေတီပုထိုးများကို ပြန်လည်ပြုပြင်မွမ်းမံရာတွင် ခရစ်သက္ကရာဇ်(၂၀၀၀)ဝန်းကျင်က ရှေးဟောင်းစေတီတော် တစ်ဆူမှာ ညောင်ပင်များပေါက်ရောက်ခြင်း၊ လုံးတော်ကွဲအက်ခြင်း၊ အင်္ဂတေများဆွေးမြေ့ခြင်းတို့ကြောင့် ပြန်လည်ပြုပြင်ရန် ဆန္ဒရှိခဲ့သည်။ သို့ဖြင့် တတ်သိနားလည်သောပညာရှင်များနှင့်တိုင်ပင်ဆွေးနွေးခဲ့ရာ ရှစ်မျက်နှာစေတီနှင့် ပေါ်တော်မူစေတီအနီးရှိ ဉာဏ်တော် ၄၅ ပေရှိ ရှေးဟောင်းစေတီတော်တစ်ဆူမှာ ပုဂံခေတ်အနော်ရထာမတိုင်မီ စောရဟန်းမင်း တည်ထားကိုးကွယ်ခဲ့သော မြစည်းခုံစေတီတော်နှင့် ဖောင်းရစ်များ၊ ဘီလူးပန်းဆွဲများ၊ ခြသေ့ရုပ်များသည် ပန်းတမော့ အနုလက်ရာများ တူညီနေသည်ဖြစ်၍ စောရဟန်းမင်းတည်ခဲ့သော ပုဂံခေတ်ဦးလက်ရာ ဖြစ်နိုင်ကြောင်း သမိုင်းပညာနှင့်ဗိသုကာပညာရှင် ဦးဝင်းမောင်(တမ္ပဝတီ)က ပြောဆိုမှတ်ချက်ပြုခဲ့သည်။

သို့ဖြင့် နဂါးကိုးကောင်ဆရာတော်သည် ရှေးမူလက်ရာမပျက်စေဘဲ ပြန်လည်ပြုပြင်၍ ရွှေထီးတော်၊ စိန်ဖူးတော် အသစ်တင်လှူပြင်ခဲ့သည်။ မြစည်းခုံစေတီတော်ဟူသည့် ဘုရားဘွဲ့ကိုပင် အတည်ပြုကိုးကွယ်ခဲ့သည်။

ယခုအခါ အဆိုပါပုဂံခေတ်ဦးရှေးဟောင်းလက်ရာ မြစည်းခုံစေတီတော်မှာ နှစ်(၃၀)ခန့်မျှ ကြာမြင့်ခဲ့ပြီဖြစ်၍ အင်္ဂတေများကွာကျခြင်း၊ အက်ကွဲခြင်း၊ ညောင်ပင်များပေါက်ရောက်ခြင်းတို့ကြောင့် ပျက်စီးယိုယွင်းတော့မည့် အခြေအနေကို ရောက်ရှိနေပြန်သဖြင့် နဂါးကိုးကောင်ဆရာတော်သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တရာဇိန္ဒသည် ရှေးမူလက်ရာမပျက် ပြန်လည်မွမ်းမံခြင်းကို ပညာရှင်များနှင့်တိုင်ပင်လျက် အသေးစိတ်ပြုပြင်ခဲ့သည်။

လာမည့် ၁၃၈၆ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့ (၁၅.၁၁.၂၀၂၄) သောကြာနေ့ မြင့်မြတ်သောအခါသမယတွင် ပုဂံခေတ်မြစည်းခုံစေတီတော်ကြီး ဌာပနာပိတ်အခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပမည် ဖြစ်သည်။

သို့ဖြစ်၍ မြစည်းခုံစေတီတော်ကြီး ဌာပနာပိတ်ပူဇော်ပွဲသို့ ကြွရောက်ဖူးမြော်ကြရန်နှင့် ပါဝင်လှူဒါန်းနိုင်ကြရန် နှိုးဆော်လျက်ရှိသည်ကို တွေ့ရှိရပေသည်။ ဘုရားမှာစိန်၊ ကျောင်းမှာသိမ်၊ သင်္ကန်းမှာကထိန်ဆိုသည့်အတိုင်း မြင့်မြတ်သော အလှူဒါနပေးလှူနိုင်ကြပါစေ။

**ဇေယျကျော်စွာမြင့်**

# ဖိနပ်တစ်ရံရဲ့ တန်ဖိုး

ကျွန်တော်တို့ လူသားတွေဟာ သတ္တဝါတွေထဲမှာ အသိဉာဏ်ပညာအရှိဆုံး ဖြစ်ပါတယ်။ ခန္ဓာကိုယ်နှင့် အင်အားဗလမကြီးမားပေမယ့် ကိုယ့်ထက်ခန္ဓာဗလအင်အားတောင့်တင်းခိုင်မာတဲ့ သတ္တဝါကြီးတွေကို လိမ္မာယဉ်ကျေးအောင် သင်ကြားပေးပြီး ခိုင်းစေနိုင်ခဲ့ကြပါတယ်။ ဒါဟာ လူတွေရဲ့ အသိဉာဏ်ပညာရှိမှုကြောင့်ပဲ ဖြစ်ပါတယ်။

ပြီးတော့ ကျွန်တော်တို့ လူသားတွေဟာ မိမိကိုယ်မိမိလည်း သက်ရှည်ကျန်းမာပြီး သက်တမ်းစေ့နေထိုင်နိုင်အောင် အားကစားတွေ လုပ်တယ်။ လေ့ကျင့်ခန်းတွေ လုပ်ကြတယ်။ နေထိုင်မကောင်းဖြစ်ရင် ဆေးခန်းသွားကြတယ်။ ရောဂါတစ်ခုခု ရပြီဆိုရင် ဘာသာရပ်အလိုက် ကျွမ်းကျင်တဲ့ ဆေးပညာရှင်တွေနဲ့ တွေ့တယ်။ တိုင်ပင်တယ်။ ဆွေးနွေးတယ်။ ဆေးဝါးကုသတယ်။ ခွဲစိတ်ကြတယ်။ ရာသီဥတုတွေကြားမှာလည်း အဆင်ပြေအောင် နေတတ်ကြပါတယ်။ ဥပမာ- မုန်တိုင်းကျတော့မယ်၊ ရေကြီးတော့မယ်ဆိုရင် လွတ်မြောက်ရာ အန္တရာယ်ကင်းတဲ့ နေရာတွေမှာ ရှာဖွေပြီး နေထိုင်တတ်ကြတဲ့ သူတွေပါ။ ရာသီဥတုပူရင် အပြင်ထွက်ရင် ထီး၊ ဦးထုပ်၊ ခမောက်နဲ့ ဖိနပ်စီးကြတယ်။ ပွပွချောင်ချောင် ချည်ထည်အဝတ်တွေ ဝတ်ကြတယ်။ အေးမြတဲ့ ရာသီဥတုဆိုရင် နွေးထွေးတဲ့ သိုးမွေးအင်္ကျီနဲ့ ခေါင်းစွပ်တွေ ဆင်မြန်းကြတယ်။ ဒါတွေဟာ သဘာဝတရားကြီးအပေါ်မှာ လူတွေရဲ့ အသိဉာဏ်ပညာနဲ့ လိုက်လျောညီထွေဖြစ်အောင် ပြုပြင်နေထိုင်ပြီး အနိုင်ယူလိုက်ခြင်း ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်ပြောချင်တာက ဖိနပ်အကြောင်းလေးပဲဖြစ်ပါတယ်။

ဖိနပ်ဆိုတာ လူတွေရဲ့ အသုံးအဆောင်ပစ္စည်းထဲမှာ မပါမဖြစ် လိုအပ်တဲ့ပစ္စည်းတစ်ခု ဖြစ်ပါတယ်။ ပြောခဲ့တဲ့ ထီး၊ ဦးထုပ်၊ ခမောက်၊ မိုးကာဆိုတာတွေဟာ သူ့အချိန်နဲ့သာ သုံးရတဲ့ ကန့်သတ်ပစ္စည်းတွေပါ။ ဘယ်လမ်းသွားရင် ဘယ်ပန်းပန်၊ ဘယ်ခရီးသွားရင် ဘယ်ထီးဆောင်း၊ ဘယ်အရပ်သွားရင် ဘယ်ဖိနပ်စီး၊ သီလနဲ့ ဒါနမပါရင် သေခါမှသိ၊ ရေဘူးနဲ့ ဖိနပ်မပါရင် နွေခါမှသိ။ မိန်းမတွေမှာ နားကပ်၊ ယောကျ်ားမှာ ဖိနပ်တဲ့ ဒါတွေဟာ ဖိနပ်ရဲ့ အသုံးဝင်အရေးကြီးမှုတွေကို ဖော်ညွှန်းထားတဲ့ ပြယုဂ်တွေပါပဲ။ ဖိနပ်ဆိုတာ ရာသီမရွေး၊ အချိန်မရွေး စီးရတဲ့ပစ္စည်းပါ။ ဖိနပ်ဆိုတဲ့ နေရာမှာ အမျိုးသားစီး၊ အမျိုးသမီးစီးဆိုပြီး နှစ်မျိုးပဲ ရှိပါတယ်။ ဒါပေမယ့်လည်း ပုံစံ၊ ဆိုဒ်၊ ဒီဇိုင်းတွေကတော့ အမျိုးမျိုးရှိပါတယ်။ တန်ဖိုးနှုန်းထားတွေလည်း ကွဲပြားကြပါတယ်။ ကျွန်တော်တို့ အမျိုးသားတွေအတွက်ကတော့ သားရေဖိနပ်၊ ရာဘာဖိနပ်လောက်ပဲရှိပါတယ်။ ကျွန်တော်အရင်တုန်းကတော့ သားရေဖိနပ်ပဲ စီးပါတယ်။ နောက်တော့ သားရေဖိနပ်စီးပြီး လမ်းလျှောက်တဲ့အခါ ခြေဖနောင့်တွေ နာကျင်လာခြင်း၊ မိုးထဲရေထဲသွားတဲ့အခါ မိုးရေစိုစွတ်ခြင်း၊ အချိန်ကြာတဲ့အထိ မခြောက်နိုင်ခြင်းတို့ကြောင့် ခြေထောက်တွေ အေးစက်ထုံကျင်ပြီး ကျန်းမာရေးထိခိုက်လာတဲ့အတွက် မစီးတော့ဘဲ အခုအခါမှာတော့ သွားတဲ့အခါ ပေါ့ပါးသွက်လက်တဲ့ ရာဘာဖိနပ် (ကြက်ပေါင်ဖိနပ်)ကိုပဲ ပြောင်းလဲစီးနေပါတယ်။ ပြောရရင် ဖိနပ်တာဝန်ဟာ အပူသက်သာဖို့နဲ့ ဆူးညှောင့်ရန်ကာကွယ်ဖို့လောက်ပဲ လူတွေက သိကြပါတယ်။ ဖိနပ်ဟာ လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို တက်စေတဲ့အချက်ကိုတော့ အသိနည်းကြပါတယ်။ ဖိနပ်ဟာ လူတစ်ယောက်အတွက် တန်ဖိုးကြီးလှပါတယ်(ဖိနပ်ရဲ့ဈေးနှုန်းကို ဆိုလိုခြင်း မဟုတ်ပါ။) ဖိနပ်ရဲ့ အသုံးဝင်ပုံနဲ့ ဖိနပ်ရဲ့ အရည်အချင်းကို ဆိုလိုခြင်းပါ။ ဟုတ်ပါတယ်။ ကြည့်ပါ။ လူတစ်ယောက် မောင့်ကျက်သရေခေါင်းပေါင်း ပေါင်း၊ ပိုးအင်္ကျီ၊ ပိုးတိုက်ပုံတွေ ဝတ်ထားလည်း သူ့မှာ ဖိနပ်မစီးထားရင် သူ့ရဲ့ အဆောင်အယောင်၊ သူ့ရဲ့ ဂုဏ်ကျက်သရေတွေဟာ မပေါ်လွင်တော့သလို ပတ်ဝန်းကျင်ရဲ့ အထင်လွဲ၊ အမြင်လွဲ၊ အထင်သေး၊ အမြင်သေးမှုတွေ ခံရမယ့်အပြင် ကဲ့ရဲ့လှောင်ပြောင်ခြင်းတွေကိုပါ ခံရမှာ ဖြစ်ပါတယ်။ ဒါက ဖိနပ်ရဲ့ တန်ဖိုးပါ။

တစ်ခါတစ်ရံ မိတ်ဆွေသူငယ်ချင်းတွေရဲ့ အလှူပွဲတွေ၊ အိမ်တက် တရားနာပွဲတွေ ဖိတ်လို့ သွားရတတ်ပါတယ်။ အဲဒီလို ပွဲမျိုးတွေ သွားပြီဆိုရင် ဖိနပ်တွေကို မဏ္ဍပ်အဝင်ဝတွေ၊ အိမ်အဝင်ဝတွေမှာ ချွတ်ခဲ့ရပါတယ်။ ကိစ္စဝိစ္စတွေပြီးလို့ ပြန်ရတဲ့အခါ ဖိနပ်ပျောက်တတ်ပါတယ်။ အဲဒီလိုဖြစ်ပြီဆိုရင် အိမ်ပြန်ရတဲ့အခါ ရှက်ကိုးရှက်ကန်းဖြစ်ရခြင်း၊ ခြေထောက်ကိုလည်း ရဲရဲမနင်းရဲခြင်း၊ ပတ်ဝန်းကျင်ကိုလည်း ရင်မဆိုင်ရဲသလိုဖြစ်ခြင်း အစရှိတဲ့ ဖိနပ်မပါတဲ့ ဒုက္ခဆိုးကျိုးတွေ ခံစားရပါတယ်။ တချို့မိန်းကလေးတွေဆိုရင် လမ်းသွားရင်းနဲ့ ဖိနပ်ပြတ်တာနဲ့ ကြုံရတဲ့အခါ ရှက်တယ်ဆိုပြီး ထိုင်ငိုကြသတဲ့၊ ဒါကို ကြုံဖူးသူတိုင်း သိကြမှာပါ။ ဒါက ဖိနပ်ရဲ့ တန်ဖိုးပါပဲလေ။ ဒါပေမယ့် လူတွေက တန်ဖိုးမထားတတ်ကြပါ။ လူတစ်ယောက် ဖိနပ်နဲ့အပေါက်ခံရရင်၊ ဖိနပ်နဲ့ အရိုက်ခံရရင် တုတ်နဲ့ရိုက်သလောက် လက်သီးနဲ့ အထိုးခံရသလောက်မက ပိုပြီးနာကြတယ်၊ ရှက်ကြတယ်တဲ့။ ဘာလို့လဲဆိုရင် ဖိနပ်ဆိုတာ လူ့အသုံးအဆောင်ပစ္စည်းထဲမှာ အနိမ့်ဆုံးခြေနင်းဖတ် ဖြစ်နေလို့တဲ့။ အဲဒီလို ပြုမူခံရခြင်းက သူတို့ရဲ့ ဂုဏ်သိက္ခာကို ထိပါးစေလို့တဲ့။ ဟုတ်ပါတယ်၊ ဖိနပ်ဆိုတာ လူ့အသုံးအဆောင်ထဲမှာ ထီး၊ ဦးထုပ်၊ ခမောက်တို့လောက် မမြင့်မြတ်ဘဲ အနိမ့်ဆုံးနေရာမှာရှိပြီး လူတွေချနင်းခံထားရတဲ့ အနင်းခံပစ္စည်းတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် လူတွေက ရွံမုန်းကြတယ်။ လက်နဲ့မကိုင်ချင်ကြဘူး၊ ဖိနပ်အကြောင်းကိုလည်း လူပုံအလယ်မှာ မပြောရဲကြဘူး၊ ပြတ်တဲ့အခါ အလွယ်တကူပဲ လွှင့်ပစ်လိုက်ကြတယ်။ ဘယ်သူမှ ကျေးဇူးရှိပါတယ်ဆိုပြီး ပြတ်နေတဲ့ဖိနပ်ကို မှန်ကောင်တာထဲမှာ မသိမ်းရဲကြ၊ လာဘ်တိတ်၊ လာဘ်ပိတ်တယ်လို့ အယူရှိနေကြတာကိုး။ ဘယ်လိုပဲရှိနေပါစေ ဖိနပ်လေးကတော့ ဝမ်းမနည်းပါ။ မငိုပါ၊ စိတ်ဓာတ်မကျပါ၊ သူရခဲ့တဲ့ ဖိနပ်ဘဝနဲ့ လူတွေကို ဆူးညှောင့်တွေ၊ ရာသီဥတုဒဏ်တွေ ကျရောက်ခြင်းဘေးမှ သစ္စာရှိရှိ၊ တာဝန်သိသိနဲ့ ကာကွယ်ပေးနေမှာပါ။ သူ့ရင်ကိုခွဲ၊ သူ့အသည်းနှလုံးကို ခင်းပြီး လူတွေရဲ့ အနင်းချေခံဘဝနဲ့ လူတွေကို အကျိုးပြုနေဦးမှာပဲဖြစ်ပါတော့တယ်။

**ချမ်းမြေ့မိုး(မန္တလေး)**

# ၂၀၂၄ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲအတွက် ပြည်နယ်အသီးသီးတွင် ကြိုတင်မဲများပေးနေကြပြီ

**ဝါရှင်တန် နိုဝင်ဘာ ၂**

၂၀၂၄ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲအတွက် ပြည်နယ်အသီးသီးတွင် ကြိုတင်မဲများပေးနေကြပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။




အမေရိကန်ပြည်ထောင်စုတစ်ဝန်းလုံး နိုဝင်ဘာ ၅ ရက်တွင် မဲပေးရမည်ဖြစ်သော်လည်း နှစ်စဉ်ပြည်နယ်အလိုက် ကြိုတင်မဲပေးနိုင်သည့်စနစ်ကို မဲဆန္ဒရှင်များအတွက် စီစဉ်ပေးထားသဖြင့် ရွေးကောက်ပွဲနေ့ရက်မတိုင်မီကပင် မဲပေးခွင့်ရခြင်း ဖြစ်သည်။

၂၀၁၂ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ကြိုတင်မဲပေးသူ ၄၆ ဒသမ ၂ သန်း၊ ၂၀၁၆ ခုနှစ်တွင် ၄၇ ဒသမ ၂ သန်း၊ ၂၀၂၀ ပြည့်နှစ်တွင် ၁၀၁ ဒသမ ၅ သန်းရှိခဲ့သည်။

အောက်တိုဘာ ၃၁ ရက်က ထွက်ပေါ်လာသော ရလဒ်အရ ကြိုတင်မဲပေးသူ ၆၂ ဒသမ ၇ သန်းကျော်ရှိနေပြီဟု ဆိုသည်။

နိုဝင်ဘာ ၁ ရက်တွင် အတည်ပြုသည့် ကြိုတင်မဲစာရင်းချုပ်ရလဒ်အရ ရီပတ်ဘလီကန်ဘက်က ၃၆ ဒသမ ၁ ရာခိုင်နှုန်း၊ ဒီမိုကရက်တစ်ဘက်က ၃၈ ဒသမ ၉ ရာခိုင်နှုန်း ရှိခဲ့ကြောင်း သိရသည်။

Mon

ဝ-ဝ-ဝ-ဝ-ဝ



# ရုရှားနိုင်ငံဘက်၌ ဆက်လက်ရပ်တည်သွားမည်ဟု မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ပြောကြား

**ပြုံယမ်း နိုဝင်ဘာ ၂**

ယူကရိန်းစစ်အောင်ပွဲရသည်အထိ ရုရှားနိုင်ငံဘက်၌ မိမိတို့နိုင်ငံက အခိုင်အမာဆက်လက်ရပ်တည်သွားမည်ဟု မော်စကိုမြို့တော်ရောက် မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ချောဆွန်ဟွီး နိုဝင်ဘာ ၁ ရက်က ထုတ်ဖော်ပြောကြားလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလာဗရော့ဗ်နှင့် တွေ့ဆုံစဉ် ၎င်းက ယင်းကဲ့သို့ ထုတ်ဖော်ပြောကြားခြင်း ဖြစ်သည်။

သမ္မတ ဗလာဒီမာပူတင်၏ ဦးဆောင်မှုအောက်တွင် ရုရှားတပ်မတော်နှင့် ပြည်သူလူထုအနေဖြင့် ကြီးမားသော အောင်ပွဲရလိမ့်မည်ဟုလည်း ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။ Mon




# ဂါဇာကမ်းမြောင်ဒေသအလယ်ပိုင်း နူဆေရတ်စခန်းအနီး အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် လူ ၅၀ ကျော် သေဆုံး

**ဂျေရုဆလင် နိုဝင်ဘာ ၂**

ဂါဇာကမ်းမြောင်ဒေသအလယ်ပိုင်း နူဆေရတ်စခန်းအနီး နိုဝင်ဘာ ၁ ရက်က ပြုလုပ်သော အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် လူ ၅၀ ကျော် သေဆုံးခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ကြားဝင်စေ့စပ်ပေးသူများက ဂါဇာ၌ အပစ်အခတ်ရပ်စဲရန် အစ္စရေးကိုဖျောင်းဖျပြောဆိုလျက်ရှိသော်လည်း ဟားမတ်စ်အုပ်စုနှင့်သက်ဆိုင်သော ပစ်မှတ်များကို ဆက်လက်တိုက်ခိုက်နေဆဲပင်ဖြစ်သည်။

အစ္စရေးတပ်ဖွဲ့များသည် စစ်သင်္ဘောများပေါ်မှလည်း ဂါဇာကမ်းမြောင်ဒေသအတွင်းသို့ ဒုံးလက်နက်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

စစ်ဘေးရှောင်သူများ စုဝေးနေထိုင်လျက်ရှိသော စခန်းကို အစ္စရေးဘက်က ဦးတည်တိုက်ခိုက်သဖြင့် ကလေးသူငယ်များ၊ အမျိုးသမီးများအပါအဝင် အရပ်သားများ သေဆုံးခဲ့ကြောင်း ဟားမတ်စ်ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာကြောင်း သိရသည်။

Mon





# ပန်းချီဆရာ အန်ဒီဝါးဟိုးလ်၏ လက်ရာနှစ်ခု နယ်သာလန်နိုင်ငံ၌ ဖောက်ထွင်းခိုးယူခြင်းခံရ

**အမ်စတာဒမ် နိုဝင်ဘာ ၂**

အမေရိကန်ပေါ့ပ်အတ်ဘုရင်ဟု နာမည်ကျော်ကြားခဲ့သော ပန်းချီဆရာ အန်ဒီဝါးဟိုးလ်၏ လက်ရာနှစ်ခု နယ်သာလန်နိုင်ငံ၌ ဖောက်ထွင်းခိုးယူခြင်းခံရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

မြောက်ဘရာဘန့်ပြည်နယ်ရှိ အမ်ပီဗွီပန်းချီပြခန်း၌ လက်ခံသိမ်းဆည်းထားစဉ် ၎င်း၏လက်ရာများဖြစ်သော ဒုတိယမြောက် အယ်လီဇဘက်ဘုရင်မကြီးနှင့် ဒုတိယမြောက် မာဂရက်ဘုရင်မကြီးပုံတူ ပန်းချီကားနှစ်ကား ဖောက်ထွင်းခိုးယူခံရခြင်းဖြစ်သည်။

ခိုးမှုအခင်းဖြစ်ပွားသောညတွင် ပန်းချီပြခန်းထဲမှ ပေါက်ကွဲသံကြားရပြီး ကပ်လျက်အဆောက်အအုံများ တုန်ခါသွားခဲ့သည်။

အဆိုပါပန်းချီပြခန်းထဲ၌ ပန်းချီကျော် အန်ဒီဝါးဟိုးလ် မကွယ်လွန်မီ နှစ်နှစ်ခန့်က ရေးဆွဲခဲ့သည့် ဘုရင်မကြီး လေးပါး၏ပုံတူပန်းချီလက်ရာ လေးကားစလုံးကို သူခိုးများက ခိုးယူရန်ကြိုးစားခဲ့သော်လည်း ၎င်းတို့စီးလာသော ကားပေါ်တွင် နှစ်ကားသာဆံ့သဖြင့် နယ်သာလန်ဘုရင်မကြီး ဘီးထရစ်နှင့် ဆွာဇီလန်ဘုရင်မကြီး နတွမ်ဘီတဖွာလာတို့၏ ပုံတူပန်းချီနှစ်ကားကျန်နေခဲ့ကြောင်း သိရသည်။ Mon



# ဆားဘီးယားနိုင်ငံ နိုဗီဆတ်မြို့ ဘူတာရုံခေါင်မိုးပြိုကျ လူ ၁၄ ဦး သေဆုံး၊ သုံးဦး ပြင်းထန်စွာ ဒဏ်ရာရရှိ

**ဘဲလ်ဂရိတ် နိုဝင်ဘာ ၂**

နိုဝင်ဘာ ၁ ရက်က ဆားဘီးယားနိုင်ငံမြောက်ပိုင်း နိုဗီဆတ်မြို့ရှိ မီးရထားဘူတာရုံခေါင်မိုး ပြိုကျမှုဖြစ်ပွားခဲ့ရာ လူ ၁၄ ဦး သေဆုံးကာ သုံးဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဘဲလ်ဂရိတ်မြို့တော်၏ အနောက်မြောက်ဘက် မိုင် ၄၀ ခန့်အကွာ၌ တည်ရှိသော နိုဗီဆတ်မြို့ရှိ ဘူတာရုံခေါင်မိုးသည် ခရီးသည်များဖြင့် စည်ကားနေစဉ် နေ့လယ်မွန်းတည့်အချိန်ခန့်တွင် ရုတ်တရက်ပြိုကျခဲ့ခြင်း ဖြစ်သည်။

ထိုမတော်တဆမှုတွင် သေဆုံးရသူများအတွက် မိသားစုဝင်များနှင့်ထပ်တူ ဝမ်းနည်းကြောင်း သမ္မတ အလက်ဇန်းဒါးဗူချစ်က ထုတ်ဖော်ပြောကြားကာ တာဝန်ရှိသူများကိုလည်း ဖော်ထုတ်အရေးယူရန်လည်း ညွှန်ကြားခဲ့ကြောင်း သိရသည်။

Mon

# ဂရိနိုင်ငံ အေသင်မြို့တော်ရှိ လူနေတိုက်ခန်းတွင် လက်လုပ်ဗုံးပေါက်ကွဲ လူတစ်ဦး သေဆုံးခဲ့ရ

**အေသင် နိုဝင်ဘာ ၂**

ဂရိနိုင်ငံ အေသင်မြို့တော်ရှိ လူနေတိုက်ခန်းတစ်ခန်းတွင် အောက်တိုဘာ ၃၁ ရက်က လက်လုပ်ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူတစ်ဦး သေဆုံးခဲ့ရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

သေဆုံးသူသည် အမျိုးသားဖြစ်ပြီး အမျိုးသမီးတစ်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း အေသင်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။ အခင်းဖြစ်နေရာမှ သေနတ် နှစ်လက်၊ ကျည်ဆန်များနှင့် လက်ကိုင်ဖုန်းများကို ရဲအရာရှိများ သိမ်းဆည်းရမိခဲ့သည်။



အစိုးရဆန့်ကျင်ရေး ပြောက်ကျားအုပ်စုဝင်အချို့ အဆိုပါတိုက်ခန်း၌ လက်လုပ်ဗုံးပြုလုပ်နေစဉ် ပေါက်ကွဲခြင်းဖြစ်နိုင်သည်ဟု ရဲစုံထောက်များက ထင်မြင်ယူဆသည်။

လက်ဝဲဝါဒီများနှင့် မင်းမဲ့ဝါဒီများ ပူးပေါင်းဖွဲ့စည်းထားသည့် နိုဝင်ဘာ ၁၇ ဟု အမည်ရသောဂိုဏ်းကို ဂရိအစိုးရ ၂၀၀၂ ခုနှစ်တွင် ဖြိုခွဲပြီးနောက် အစိုးရဆန့်ကျင်ရေးပြောက်ကျားအုပ်စုများပေါ်ပေါက်လာခဲ့ကြောင်း သိရသည်။

Mon



မိုးသည်းထန်ရေကြီးမှုကြောင့် သေဆုံးသူ ၂၀၅ ဦး ရှိလာပြီဖြစ်သော စပိန်နိုင်ငံ ဗလင်စီယာမြို့အနီး ကယ်ဆယ်ရေးအဖွဲ့ဝင်များက ရေဘေးသင့်သူများကို ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးနေကြစဉ်။ Mon

# တောင်ကြီးမြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း အမှတ်စဉ်(၁) ဖွင့်လှစ်



**တောင်ကြီး နိုဝင်ဘာ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း၊ စိန်မြင့်မိုရ်ခန်းမ၌ အောက်တိုဘာ ၃၁ ရက် နံနက် ၉ နာရီက ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော Grade -11 နှင့် Grade-12 ဆရာများအတွက် ရှမ်းပြည်နယ် (တောင်ပိုင်း) ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အဖွင့်အမှာစကားပြောကြားရာတွင် ဥပဒေသည် လူတို့၏အခွင့်အရေးများ၊ တာဝန်များနှင့် ကျင့်ဝတ်များကို သတ်မှတ်ပေးပါကြောင်း၊ ဥပဒေပညာကို စိတ်ဝင်စားသူများအနေဖြင့် တက္ကသိုလ်များတွင် ဥပဒေပညာအထူးပြုလေ့လာသင်ယူနိုင်ပြီး ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ပါကြောင်း၊ လူတိုင်းသည် ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုမည် မဟုတ်သော်လည်း မိမိတို့ရရှိမည့် အခွင့်အရေးများနှင့် လိုက်နာရမည့် တာဝန်များကို ကောင်းစွာနားလည်သဘောပေါက်ရန် ဥပဒေအသိပညာကိုမှ သိရှိထားရန် အရေးကြီးပါကြောင်း၊ မြို့ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးမှု ပြည်သူလူထုက တရားဥပဒေကို သိရှိနားလည်လိုက်နာမှသာ လူမှုဘဝမြင့်တင်မှုများတွင် အကျိုးရှိစွာ အသုံးချနိုင်မှာဖြစ်ပါကြောင်း၊ ဥပဒေပြဋ္ဌာန်းရတဲ့ ရည်ရွယ်ချက်များ အောင်မြင်ဖို့အတွက် ဥပဒေပညာပြန့်ပွားရေးကို အလေးထားဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ ပြည်သူလူထုတွေအနေနဲ့ တရားဥပဒေကို သိရှိနားလည်ပြီး လေးစားလိုက်နာမှ တရားဥပဒေစိုးမိုးမှုမြင့်မားပြီး တည်ငြိမ်အေးချမ်းမှုရှိမှာဖြစ်ပါကြောင်း၊ ဥပဒေကို နိုင်ငံသားတိုင်း သိရှိနားလည်လိုက်နာမှသာ မိမိတို့လုပ်ကိုင် ဆောင်ရွက်မှုတွေမှာလည်း အမှားအယွင်းမရှိဘဲ ဥပဒေနဲ့ညီပြီး အကျိုးရှိတဲ့ မှန်ကန်ထိရောက်တဲ့ လုပ်ရပ်များကို ဆောင်ရွက်နိုင်မှာဖြစ်တဲ့အပြင် နိုင်ငံတော်အတွက်သာမက ပြည်သူလူထုအတွက်ပါ ကောင်းကျိုးရလဒ်များ ပြည်သူလူထုများ ဥပဒေကို ဖော်ဆောင်နိုင်မှာဖြစ်ပါကြောင်း၊ ပိုမိုသိရှိနားလည်းလိုက်နာဆောင်ရွက်နိုင်ရေးအတွက် ဥပဒေအသိပညာပြန့်ပွားရေး လုပ်ငန်းများကို တိုးမြှင့်အကောင်ထည်ဖော်ဆောင်ရွက်သွားကြရန် ထပ်မံတိုက်တွန်းမှာကြားလိုပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဥပဒေချုပ် ဦးစိုးကျော်ဇံက အမှာစကားပြောကြားပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ အဆိုပါ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းကို ရှမ်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ပညာသင်ယူနေသည့် ကျောင်းသား၊ ကျောင်းသူများအား ဥပဒေအသိပညာဗဟုသုတများ သင်ကြားပို့ချမည့် ဆရာ၊ ဆရာမများအတွက် ဥပဒေအသိပညာသင်တန်းညွှန်းတမ်းစာအုပ်ပါ ပြဋ္ဌာန်းချက်များကို ကောင်းစွာနားလည်နိုင်ရေးအတွက် ရည်ရွယ်ချက်ဖြင့် သင်တန်းဖွင့်လှစ်ပို့ချရခြင်းဖြစ်ပြီး သင်တန်းသို့ ဆရာ၊ ဆရာမ သင်တန်းသား၊ သင်တန်းသူ ၁၀၈ ဦး တက်ရောက်ကာ သင်တန်းကို အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၁၀ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချသွားမည် ဖြစ်သည်။

ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ပညာရေးဝန်ထမ်းများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(၃၆၈)**



# ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**သရက် နိုဝင်ဘာ ၂**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့၌ မြို့သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ယနေ့နံနက် ၇ နာရီက အမှတ်(၄)ရပ်ကွက်၊ အောင်တေဇမုနိကုန်းတော်ပေါ်ရှိ ချုံနွယ်မြက်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များရှင်းလင်းခြင်းကို ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အောင်တေဇမုနိ ကုန်းတော်ပေါ်ရှိ စေတီတော်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအုန်းငွေး၏ ဦးဆောင်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများနှင့် ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ဇော်ထက်(သရက်)**

# မိုးစပါးစံကွက်ရိတ်သိမ်းခြင်းအခမ်းအနား ကျင်းပ

**ကျိုင်းတုံ နိုဝင်ဘာ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၏ ၂၀၂၄-၂၀၂၅ ခုနှစ်၊ မိုးစပါးစံကွက်ရိတ်သိမ်းခြင်း အခမ်းအနားကို ယမန်နေ့က မိုင်းဇင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၀၆)ရှိ တောင်သူဦးဆားလို၏ စိုက်ပျိုးမြေ(၁ ဒသမ ၀၀)ဧကတွင် ဆင်းဇကရီ-၃ စပါးမျိုးဖြင့် ရိတ်သိမ်းပွဲ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှဝင်းက မိုးစပါးစံကွက်ရိတ်သိမ်းရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် တောင်သူများအား မျိုးစပါးနှင့် ရွက်ဖျန်းအားဆေးများကို ထောက်ပံ့ပေးသည်။

ထို့နောက် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက စိုက်ပျိုးရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော မြေသြဇာ၊ မျိုးစေ့နှင့် သဘာဝပိုးသတ်ဆေးများကိုကြည့်ရှုပြီး မိုးစပါး



စံကွက်ရိတ်သိမ်းခြင်းကို ကြည့်ရှု အားပေးသည်။ အဆိုပါ မိုးစပါး ဆင်းဇကရီ-၃ စပါးမျိုးဖြင့် ပန်းတိုင်ပြင်ပ စံကွက်ရိတ်သိမ်းရာတွင် အစိုတင်း(၈၉ ဒသမ ၈၄)တင်းနှင့် အခြောက်(၈၄ ဒသမ ၉၆) တင်းထွက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ) မြို့နယ်(ပြန်/ဆက်)**

# ဒီပါဝလီနေ့အထိမ်းအမှတ် ဟိန္ဒူဘုရားကျောင်းများတွင် ဆီမီးထွန်းပူဇော် အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂**

ဟိန္ဒူဘာသာဝင်များ၏ အထွတ်အမြတ်ထားရာ ဒီပါဝလီပွဲတော်ကို မန္တလေးမြို့ ချမ်းအေးသာဇံမြို့နယ် ၈၁ လမ်းနှင့်၂၇လမ်းထောင့်ရှိ မဟာပိန္နဲဘုရားကျောင်း၊ ၂၇ လမ်း၊ ၇၉ လမ်းနှင့်လမ်း၈၀ ကြားရှိ ဘုရားကျောင်း၊ အောင်မြေသာဇံမြို့နယ် ၂၂လမ်းရှိ အမ်ဘီကာဘုရားကျောင်း၊ နန်းရှေ့ ၁၉လမ်းရှိ ဘုရားကျောင်းများတွင် ဆီမီးထွန်းပူဇော်ခြင်း၊ အိန္ဒိယရိုးရာလက်သတ်လွတ်ထမင်း၊ အချိုမုန့်များ စတုဒိသာကျွေးမွေးခြင်းများဖြင့် အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြသည်။



မန္တလေးမြို့ အခြေစိုက် အိန္ဒိယသမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ကြီးမှူး၍ ဒီပါဝလီနေ့ အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၁ ရက် ည ၆နာရီက ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁) ရပ်ကွက်၊ နှင်းဆီလမ်းရှိ အိန္ဒိယ ဂေဟာတွင် ကျင်းပရာ မန္တလေးမြို့ရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဝင်စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အိန္ဒိယသမ္မတနိုင်ငံကောင်စစ်ဝန်ချုပ် Shri Sundeep Kaushal က ဒီပါဝလီနေ့အထိမ်းအမှတ် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အိန္ဒိယရိုးရာအစားအစာများဖြင့် ဧည့်ခံကာ ရင်းနှီးစွာနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**(ဝ၄၅)**

# မုံရွာမြို့နယ်ထွက် မိုးနေကြာ တစ်ဧက တင်း ၂၀ကျော်ထွက်

**မုံရွာ နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်ထွက် မိုးနေကြာသည် တစ်ဧက တင်း၂၀ ကျော်ထွက်ရှိကြောင်း နေကြာစိုက်တောင်သူများထံက သိရသည်။



"မိုးနေကြာကို အောက်တိုဘာ ၁ရက်က စတင်ရိတ်သိမ်းနေပါတယ်။ တစ်ဧက တင်း၂၀ ကျော် ထွက်ပါတယ်"ဟု နေကြာစိုက်တောင်သူက ပြောသည်။

မိုးနေကြာများစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းသည့် စပ်မျိုး-၁၊ ဆင်းရွှေကြာ၂ နေကြာမျိုးများကို စံကွက်များ၊ စမ်းသပ်ကွက်များ စိုက်ပျိုး၍ မျိုးကောင်းမျိုးသန့်ရရှိရေးတို့အတွက် ဆောင်ရွက်စိုက်ပျိုးခြင်း ဖြစ်သည်။

စံကွက်များ၊ စမ်းသပ်ကွက်များ စိုက်ပျိုး၍ ပိုးမွှားရောဂါများ ကျရောက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရေးဆိုင်ရာ နည်းလမ်းများကိုလည်း လိုက်နာကျင့်သုံးသည့်အတွက် အထွက်နှုန်းပိုမိုကြောင်းလည်း သိရသည်။

မုံရွာမြို့နယ်တွင် မိုးနေကြာ ၉၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး ယနေ့အချိန်အထိ ၂၅၉ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

(ဝဲပုံ) (၃၉၄)

# ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**အထက်မင်းလှ နိုဝင်ဘာ ၂**

မကွေးတိုင်းဒေသကြီး၊သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်က ၂၀၂၄-၂၀၂၅ ခုနှစ်၌ သီးနှံများစိုက်ပျိုးရာတွင် သီးထပ်စွမ်းအားမြှင့်တင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ဆီထွက်သီးနှံနေကြာစိုက်ပျိုးရေး၊ ဆီထွက်သီးနှံအထူးဇုန်ဖြစ်၍ မြေပဲ၊ နှမ်း၊ နေကြာများ လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးဆောင်ရွက်ရန်၊ ဌာနဆိုင်ရာတည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်၊ လုံခြုံရေးဂရုပြုဆောင်ရွက်ရန်၊ ပြည်သူ့စစ်မှုထမ်းဆိုင်ရာအကြောင်းအရာများ၊ မင်းလှမြို့နယ်တွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်၍ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။ (ဝဲပုံ)

ထို့နောက် အစည်းအဝေးတက်ရောက်လာသည့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများက သီးထပ်စွမ်းအားမြှင့်တင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ပြည်သူ့စစ်မှုထမ်းဆိုင်ရာနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဆွေးနွေးချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀-၀



# သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့်ကျောင်းများသို့ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ နိုဝင်ဘာ ၂**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွင်း သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်အတွင်းရှိ အ·ထ·က(၄)နှင့် ထမုန်ကန်ကျေးရွာ အ·မ·က(၄၀)သို့ ယမန်နေ့က ခရိုင်သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းအကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် အဆိုပါအခြေခံပညာကျောင်း နှစ်ကျောင်းတွင် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းအဖြစ် ရွေးချယ်မည့် အခြေခံစံနှုန်း လေးခုနှင့် အညွှန်းကိန်း ၁၇ တို့နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ထားမှု အခြေအနေများကို ခရိုင်သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းအကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်ချက်များကို မှာကြားခဲ့သည်။

အဆိုပါ ခရိုင်သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့အား ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ ခရိုင်ပညာရေးမှူးရုံးအပါအဝင် ဌာနဆိုင်ရာခုနစ်ခုမှ တာဝန်ရှိသူများဖြင့် ဖွဲ့စည်းထားပြီး လုပ်ငန်းများအောင်မြင်နိုင်ရေးအတွက် အပတ်စဉ် ကွင်းဆင်းကြည့်ရှု စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

(၄၅၃)

# စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးနံရံကပ်စာစောင်ပြသခြင်း၊ စာအုပ်၊ စာစောင်ငှားရမ်းပေးခြင်းများ ဆောင်ရွက်

**ပခုက္ကူ နိုဝင်ဘာ ၂**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် အသိပညာပေးနံရံကပ်စာစောင်ပြသခြင်းနှင့် စာအုပ်၊ စာစောင်ငှားရမ်းပေးခြင်းလုပ်ငန်းများကို ယမန်နေ့ နံနက် ၁၀ နာရီက ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ပခုက္ကူခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ချိုချိုမာနှင့် ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများ လေ့လာသိရှိသင့်သည့် စာဖတ်ခြင်း၏အကျိုးကျေးဇူးများ၊ မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ရေချွေတာသုံးစွဲရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်ပြသခြင်း၊သုတ၊ ရသဆိုင်ရာ စာအုပ်၊ စာစောင် များခင်းကျင်းပြသခြင်း၊ ငှားရမ်းဖတ်ရှုစေခြင်းများ ဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ခရိုင်ပြည်သူ့စာကြည့်တိုက်သို့ ကိုယ်တိုင်လာရောက်မဖတ်ရှုနိုင်သည့် စာဖတ်ပရိသတ်များ၊ ကျောင်းသား၊ ကျောင်းသူများအား စာအုပ်၊ စာပေများ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်စေရေး ရည်ရွယ်၍ Mobile Library စနစ်ဖြင့် စာအုပ်၊စာစောင်များ ငှားရမ်းပေးခြင်း၊ အသိပညာပေးနံရံကပ်စာစောင်ပြသခြင်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၃၄၀)



# မြောင်းပေါင်ရေတိုက်စားခြင်းမှ ကာကွယ်စေရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲရေး ကျောက်ရိုးစီခြင်းများ ဆောင်ရွက်ပေး

**ကျောက်ဆည် နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ငပြောင်ဆည်ရေသောက်စနစ် ကွမ်းဆေးမြောင်းတွင် မြောင်းပေါင်ရေတိုက်စားခြင်းမှ ကာကွယ်စေရန်နှင့် မြောင်းပေါင်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မြောင်းပေါင်ကျောက်ရိုးစီခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ **(ယာပုံ)**

အဆိုပါ မြောင်းပေါင်ကျောက်ရိုးစီခြင်းလုပ်ငန်းများ ကို ကျောက်ဆည်မြို့နယ်၊ ဈေးကျေးရွာအနီး ကွမ်းဆေးမြောင်း၏ ပေတိုင်အမှတ်(၁၄+၀၀၀)မှ (၁၄+၅၀၀)ကြားတွင် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး မြောင်း၏အတွင်းယာဘက်ရှိ မြေကာနံရံများ ပျက်စီးနေခြင်းနှင့် ၄င်းမြေကာနံရံနှင့်အပြိုင် အာကာရှင်မ ရေကျရိုးမြောင်း နီးကပ်စွာတည်ရှိနေသည့်အတွက် မြောင်းကျိုးပေါက်မှုများ မကြာခဏဖြစ်ပေါ်ကာ စိုက်ပျိုးရေများ လေလွင့်ဆုံးရှုံးမှုများ ဖြစ်ပေါ်နေသည့်အတွက် မန္တလေးတိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၂၅ သန်းအကုန်အကျခံကာ မြောင်း၏ ယာဘက်ခြမ်း မြောင်းပေါင်အရှည်ပေ ၁၉၀၊ အကျယ် ၁ ဒသမ ၅ ပေ၊ အမြင့် ၆ ပေ ကျောက်ရိုးစီခြင်းများ ပြုလုပ်ပေးခဲ့ခြင်းဖြစ်သည်။

ငပြောင်ဆည်ရေသောက်စနစ် ကွမ်းဆေးမြောင်းတွင် မြောင်းပေါင်ကျောက်ရိုးစီခြင်းများ ပြုလုပ်ပေးသည့်အတွက် မြောင်းပေါင်ကြံ့ခိုင်မှုရှိလာပြီး သီးနှံမျိုးစုံ ၄၄၇၅ ဧကအတွက် စိုက်ပျိုးရေများ အချိန်နှင့်တစ်ပြေးညီ လိုအပ်သလို ပေးဝေနိုင်သည့်အတွက် တောင်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

(၄၈၅)

၀-၀-၀-၀-၀





## ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားကတ်များ ကွင်းဆင်းဆောင်ရွက်

**အမရပူရ နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်း တိကျမှန်ကန်စေရေးအတွက် ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီခွဲက အမရပူရမြို့၊ ဆင်စွယ်ပွတ်ရပ်ကွက်ရှိ ဂန္ဓာရုံဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်းကျောင်း၌ ဆောင်ရွက်ပေးခဲ့သည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာနမှ "လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့" ဆောင်ပုဒ်နှင့်အညီ ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားကတ်ဆောင်ရွက်ပေးခြင်းကို မြို့နယ်လဝကမှူး ဒေါ်ခင်ခင်စန်း ဦးဆောင်သောအဖွဲ့မှ ဆောင်ရွက်ပေးခဲ့ပြီး ဂန္ဓာရုံဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ပန်းခင်းစီမံချက် (၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ အကျုံးဝင်သော ကျောင်းသား အမျိုးသား ၃၂ ဦး၊ ကျောင်းသူ အမျိုးသမီး ၄၆ ဦး၊ စုစုပေါင်း ၇၈ ဦးတို့အား ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အမရပူရမြို့နယ်ဦးစီးမှူး ဦးတင်ကိုကိုဝင်းထံမှ သိရသည်။

**(အပေါ်ပုံ) စိုးသီဟ(အမရ)**

## ပခုက္ကူမြို့၌ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေး

**ပခုက္ကူ နိုဝင်ဘာ ၂**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ပေါ်ရပ်ကွက်များရှိ စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ချိလျက်ရှိသော MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများ ပုံမှန်လည်ပတ်ဆောင်ရွက်နေမှု အခြေအနေကို ယမန်နေ့နံနက် ၉နာရီခွဲက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယခရိုင်ဦးစီးမှူး ဦးဇော်ထွန်းဦးနှင့် ဝန်ထမ်းများက ပခုက္ကူမြို့ပေါ်ရပ်ကွက်များအတွင်း MSME လုပ်ငန်းအဖြစ် စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ချိလုပ်ကိုင်လျက်ရှိသည့် မြန်မာ့ရိုးရာ မြေပဲဆုံဆီထီလာ၊ ရွှေရတနာ ကွမ်းစားဆေး၊ ကံသာသောက်ရေသန့်လုပ်ငန်းများထံကွင်းဆင်း၍ စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ပြန်ထားသော ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းချက်များနှင့်အညီ ထုတ်လုပ်ဖြန့်ချိမှုရှိ၊ မရှိ စားသုံးသူပြည်သူများအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရသည့် စားသောက်ကုန်ပစ္စည်းများ ရောင်းချမှု ရှိ၊မရှိနှင့် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံမှန်ကန်စွာ ထည့်သွင်းဖော်ပြထားမှု ရှိ၊ မရှိ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် လုပ်ငန်းရှင်များ၊ အလုပ်သမားများနှင့်တွေ့ဆုံကာ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။**(အောက်ပုံ)**

**(၃၄၀)**



# လာအိုနိုင်ငံမှ တရုတ်-လာအို အအေးခန်းတွဲရထားဖြင့် ပထမဆုံးတင်ပို့သည့် ငှက်ပျောသီးများ ပေကျင်းမြို့သို့ ရောက်ရှိ

လာအိုနိုင်ငံမှ လတ်လတ်ဆတ်ဆတ် ငှက်ပျောသီးများသည် တရုတ်-လာအို ရထား (Vientiane-Kunming-Beijing Pinggu)၏ ပထမဆုံး နိုင်ငံတကာ အအေးခန်းတွဲရထားဖြင့် အောက်တိုဘာ ၂၀ ရက်တွင် ပေကျင်းမြို့ရှိ Jing Ping Logistics Hub သို့ ရောက်ရှိလာခဲ့ကြောင်း ပြည်ပကုန်သွယ်ရေးသတင်းထုတ်ပြန်ချက်များအရ သိရသည်။

ဒေသတွင်း ကုန်သွယ်မှုကို မြှင့်တင်ရန် ရည်ရွယ်ပြီး တရုတ်-လာအိုရထား၏ သယ်ယူပို့ဆောင်ရေးစွမ်းရည်ကို မြှင့်တင်ရန်အတွက် ပေကျင်းအစိုးရသည် စီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒီဇင်ဘာလ အစောပိုင်းတွင် ရထားခရီးစဉ်ကို ပုံမှန်ပြေးဆွဲနိုင်မည်ဟု မျှော်လင့်ထားသည်။

အောက်တိုဘာ ၁၂ ရက်က ငှက်ပျောသီးတန်ချိန် ၃၉၀ ပါရှိသည့် အအေးခန်းတွဲ ရထားသည် လာအိုနိုင်ငံ ဗီယင်ကျန်းတောင်ပိုင်း ဘူတာမှ ထွက်ခွာလာပြီး တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်ရှိ မိုဟန်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဝင်ရောက်ခဲ့ကာ အအေးကွင်းဆက် သယ်ယူပို့ဆောင်ရေးမှတစ်ဆင့် ပေကျင်းမြို့သို့ရောက်ရှိလာခဲ့သည်။

သမားရိုးကျနည်းလမ်းများနှင့် နှိုင်းယှဉ်ပါက ယခုသယ်ယူပို့ဆောင်မှုသည် အအေးခန်းကွင်းဆက်နှင့် ကောင်းမွန်သောထောက်ပံ့ပို့ဆောင်ရေးစနစ်ကို အသုံးပြုခဲ့သဖြင့် သယ်ယူပို့ဆောင်မှုကို မြန်ဆန်စေပြီး ကုန်ကျစရိတ်များကို လျှော့ချပေးကြောင်း China Railway Special Cargo Logistics Co.,Ltd ၏ Cold Chain Logistics ဌာနမှ ဒါရိုက်တာ Yi Qiang က ပြောကြားခဲ့သည်။

ပထမအအေးခန်းတွဲ ရထားကို အောင်မြင်စွာ ပြေးဆွဲနိုင်စေရန်အတွက် ကုမ္ပဏီသည် ငှက်ပျောသီးသယ်ယူပို့ဆောင်ရန် လိုအပ်သည့် အပူချိန်၊ စိုထိုင်းဆနှင့် အခြားအခြေအနေများကို တိကျစွာ စီမံခန့်ခွဲ၍ ၎င်း၏ အအေးကွင်းဆက် ကွန်တိန်နာများကို အသုံးပြုကာ သီးသန့်ထောက်ပံ့ပို့ဆောင်ရေးအစီအစဉ်ကို ဆောင်ရွက်ပေးခဲ့ကြောင်း ဒါရိုက်တာ Yi Qiang က ပြောကြားခဲ့သည်။

ယခုတင်ပို့ခဲ့သော ငှက်ပျောသီးများကို အဓိကအွန်လိုင်းနှင့် ပုံမှန်ဈေးများမှတစ်ဆင့် ဖြန့်ဝေရောင်းချမည်ဖြစ်ပြီး တစ်ပတ်အတွင်း ရောင်းကုန်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။



တရုတ်နိုင်ငံသည် လာအိုနိုင်ငံမှ နှစ်စဉ် ငှက်ပျောသီး တန်ချိန် ခုနစ်သိန်းခန့် တင်သွင်းလျက်ရှိကြောင်း၊ ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှုကို ပိုမိုမြှင့်တင်ရန် တရုတ်-လာအိုကုန်စည်ပို့ဆောင်ရေး ရထားပြေးဆွဲခြင်းနှင့်အတူ တရုတ်နိုင်ငံမြောက်ပိုင်းရှိ ပေကျင်း-ထျန်ကျင်း-ဟောပေ ဒေသတို့မှ သစ်သီးဝလံများ၊ အသေးစားစက်မှုလုပ်ငန်းသုံးကုန်ပစ္စည်းများ၊ အီလက်ထရွန်းနစ်နှင့် ခေတ်မီလယ်ယာထွက်ကုန်များကို လာအို၊ ထိုင်း၊ စင်ကာပူ၊ ရပ်ဝန်းနှင့် ပိုးလမ်းမတစ်လျှောက်ရှိ အခြားနိုင်ငံများသို့ တင်ပို့သွားမည်ဖြစ်ကြောင်း မြန်မာစီးပွားရေးသံမှူး နန်နင်းမြို့၏ ပြည်ပကုန်သွယ်ရေးသတင်းပေးပို့ချက်များအရ သိရသည်။

**(ရွှေမန်း)**

## ရေဝင်ရောက်မှုကြောင့် တင်ကျန်ရစ်ခဲ့သည့် အမှိုက်များနှင့် သဲနုန်းများအား စုပေါင်းသန့်ရှင်း

**ကျောက်ဆည် နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ရေဝင်ရောက်မှုကြောင့် တင်ကျန်ရစ်ခဲ့သည့် အမှိုက်များနှင့် သဲနုန်းများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဦးဆောင်မှုဖြင့် ယနေ့နံနက် ၇ နာရီက ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများစုပေါင်း၍ လူအင်အား၊ စက်ယန္တရားအင်အားတို့ဖြင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျောက်ဆည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ မြေကော်စက်နှစ်စီး၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ စည်ပင်သာယာရေးအဖွဲ့မှ အမှိုက်သိမ်းယာဉ် တစ်စီးတို့ဖြင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်များ၊ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးမှ ဝန်ထမ်းများ စုပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်းနှင့် ထွက်ရှိလာသော အမှိုက်များအား အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျစွန့်ပစ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (၄၈၅)**



## ဘုတလင်မြို့နယ်တွင် မိုးသီးနှံ နှမ်းစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်း

**ဘုတလင် နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ် မိုးသီးနှံနှမ်းစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် မိုးနှမ်း ၅၃၁၀၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ၁၀၃၂ ဧက ကျော်လွန်စိုက်ပျိုးနိုင်ခဲ့သည်။

"ဆင်းရတနာ-၃၊ သိပ္ပံနှမ်းနက်၊ ရိုးစိမ်း၊ ရှပ်ကလေးမျိုးတွေ စိုက်တာပါ။ လိုအပ်တဲ့ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာတွေ၊ သွင်းအားစုတွေ၊ သီးနှံမျိုးစေ့တွေ ကူညီထောက်ပံ့တာကို စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက အနီးကပ်ကြီးကြပ်လမ်းညွှန်မှုနဲ့ မုံရွာခရိုင်နဲ့ ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းတွေက ကူညီထောက်ပံ့ပေးပါတယ်"ဟု ဘုတလင်မြို့နယ် နှမ်းစိုက်တောင်သူတစ်ဦးက ပြောသည်။

မိုးနှမ်းများစိုက်ပျိုးနိုင်ရေးအတွက် တောင်သူလယ်သမားများကသက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မိုးနှမ်းများကို ဘုတလင်မြို့နယ်တွင် အောက်တိုဘာ ၁ ရက်မှစတင်ပြီး ရိတ်သိမ်းလျက်ရှိရာ ယနေ့အချိန်အထိ စိုက်ဧက၏ ၆၃ ရာခိုင်နှုန်းကို ရိတ်သိမ်းပြီးစီးကာ တစ်ဧက ပျမ်းမျှအထွက်နှုန်း ၅ ဒသမ ၅၄ တင်း ထွက်ရှိကြောင်း သိရသည်။

**(၃၉၄)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ သစ်ပင်သစ်တောစိုက်ပျိုးခြင်းများဖြင့် သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက်လျှော့ချနိုင်သဖြင့် ဒေသအသီးသီးရှိ ကျေးရွာအုပ်စုများအလိုက် သစ်တောစိုက်ခင်းများစိုက်ပျိုးပြီး နိုင်ငံတစ်ဝန်း၌ သစ်ပင်သစ်တောများ ဖြစ်ထွန်းအောင်မြင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ပြည်သူများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လို...

❖ သစ်တောပြုန်းတီးမှုများ မရှိစေရေးအတွက်လည်း အမျိုးသားရေးစိတ်ဓာတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လို

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၄) သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ A.G.T.I ဒီပလိုမာသင်တန်းအမှတ်စဉ်(၂၀) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ A.G.T.I ဒီပလိုမာသင်တန်းအမှတ်စဉ် (၂၀) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဒီဂရီကောလိပ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။






အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ အထူးဖိတ်ကြားထားသည့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဧည့်သည်တော်များ၊ အလုပ်ခန့်အပ်လွှာပေးအပ်မည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)မှ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ သင်တန်းဆင်းကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)ကို စတင်တည်ထောင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့အထိ ဝိဇ္ဇာဘွဲ့ ၆၂၀၊ သိပ္ပံဘွဲ့ ၁၃၈၀ နှင့် အင်ဂျင်နီယာဒီပလိုမာ ၉၅၉ ဦး စုစုပေါင်း ၂၉၅၉ ဦးတို့ကို ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အားပေးထောက်ပံ့လေ့ကျင့်သင်ကြားပေးမှု ကျောင်းသား ကျောင်းသူများ၏ စဉ်ဆက်မပြတ် ကြိုးစားအားထုတ်မှုများကြောင့် ယခုအခါတွင် မဟာဝိဇ္ဇာဘွဲ့ ၇၁ ဦး၊ မဟာသိပ္ပံဘွဲ့ ၁၄၆ ဦး၊ M.Res ၅၅ ဦး၊ ပါရဂူဘွဲ့ ၁၅ ဦး၊ B.E ဘွဲ့ ၃၀၁ ဦး၊ M.E ဘွဲ့ ၁၅ ဦး၊ B.Tech ၄၅၂ ဦး အသီးသီး အောင်မြင်မှုရရှိခဲ့သဖြင့် အားရကျေနပ်ဖွယ် ဖြစ်ပါကြောင်းနှင့် ကျောင်းဆင်း ကျောင်းသား ကျောင်းသူများအနေဖြင့် အားကျအတုယူ ကြိုးစားအားထုတ်သွားကြရန် အထူးမှာကြားလိုကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **“ဒီဂရီကောလိပ်များမှ ကျောင်းဆင်းကျောင်းသား၊ ကျောင်းသူများအား မိမိဒေသ အုပ်ချုပ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် MSME လုပ်ငန်းများတွင် ဦးဆောင်ပါဝင် ဆောင်ရွက်စေရန်”** ဟုလမ်းညွှန်မှာကြားချက်အရ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ရကျောင်းသား ကျောင်းသူများကို ပြည်ထဲရေး ဝန်ကြီးဌာန၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့တွင် လည်းကောင်း၊ A.G.T.I ဒီပလိုမာရ ကျောင်းသားကျောင်းသူများကို နယ်စပ်ရေးရာဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန တို့တွင်လည်းကောင်း အချိုးကျခွဲဝေတာဝန်ပေးခန့်အပ်သွားမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီ၏ **“ရှေ့သို့ချီမည် ပန်းတိုင်ဆီ (Keep Moving Forward to Achieve Our Goal)”** ဆိုသည့်ဆောင်ပုဒ်အတိုင်း နိုင်ငံတော်ကို တည်ဆောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို မမေ့မလျော့နှလုံးသွင်း၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်လမ်းပြနိုင်မည့် ခေါင်းဆောင်ကောင်းများ၊ နိုင်ငံတော်က အားကိုးအားထား ပြုရသည့် သားကောင်း၊ သမီးမွန်များ ဖြစ်လာအောင် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးက ဝိဇ္ဇာဘာသာရပ်နှင့် သိပ္ပံဘာသာရပ် ထူးချွန်ဆုရရှိသူနှစ်ဦးအား လည်းကောင်း၊ ရန်ကုန် တိုင်းဒေသကြီး ဝန်ကြီးချုပ်က A.G.T.I ဒီပလိုမာထူးချွန်ဆုရရှိသူ တစ်ဦးအားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးမှ ကိုယ်စားလှယ်များက အလုပ်တာဝန် ခန့်အပ်လွှာများ ပေးအပ်ကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ထူးချွန်ကျောင်းသားများနှင့် ၎င်းတို့၏မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုအားပေးစကား ပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ထူးချွန်ကျောင်းသား သုံးဦးနှင့် ဒီဂရီကောလိပ် ဘက်စုံဖွံ့ဖြိုးရေးအတွက် ချီးမြှင့်ငွေများပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် ဒီဂရီကောလိပ်ဝင်း အတွင်း မိုးလုံလေလုံအားကစား ခန်းမဆောက်လုပ်နေမှု၊ လေးထပ် အင်ဂျင်နီယာ စာသင်ဆောင် အသစ်တွင် ဘာသာရပ်အလိုက် သင်ထောက်ကူပစ္စည်းများ ထပ်မံဖြည့်တင်း ဆောင်ရွက်မည့် အခြေအနေ၊ ဘောလုံးကွင်းနှင့် ပွဲကြည့်စင်၊ ဖူဆယ်အားကစား ကွင်း၊ စိမ်းလန်းစိုပြည်သာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေ အနေများကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် သင်တန်းဆင်း ကျောင်းသား ကျောင်းသူများကို ဘွဲ့နှင်းသဘင်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေရေး အစီအစဉ်များကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

ယနေ့ ဖတ်စရာအညွှန်း

ရာဖေးလီယာအိုအား ခေါ်ယူရန် ဘာစီလိုနာအသင်း စိတ်ဝင်စား

စာမျက်နှာ ၁၁

စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

စာမျက်နှာ ၁၅